# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဒီဇင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၅၉)၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ ၂၃–၈–၂၀၂၅၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agrobased Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ပရောက်မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစ၍ အပိုင်းလိုက် ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ပြည်ပရောက်မဲဆန္ဒရှင်များက ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ (၁၅)များ ထုတ်ယူပေးပို့နိုင်မည့် နေ့ရက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၁ – ၈ – ၂၀၂၅ ရက်စွဲပါ ကြေညာချက်အမှတ် (၆၂/၂၀၂၅ ) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက် အမှတ် (၅၀/၂၀၂၅)၊ (၅၁/၂၀၂၅)၊ (၅၂/၂၀၂၅) နှင့် (၅၃/၂၀၂၅) တို့ဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ် ၃၃၀ ပါဝင်သော မဲဆန္ဒနယ်များကို ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ကြိုတင်ဆန္ဒမဲပေးလိုသည့် ပြည်ပရောက်မဲဆန္ဒရှင်တိုင်းသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် မဲပေးနိုင်ရေး ပုံစံ (၁၅) တောင်းဆိုရာတွင် သတ်မှတ်ကာလ ၂၁-၈-၂၀၂၅ ရက်နေ့မှ ၈-၉-၂၀၂၅ ရက်နေ့အတွင်း မိမိနှင့်သက်ဆိုင်သည့် မြို့နယ်အတွက် ပုံစံ (၁၅) ဖြင့် တောင်းဆိုနိုင်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ကြေညာ

နေပြည်တော် ဩဂုတ် ၂၂

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ပုံစံစာအိတ်ကို စက်တင်ဘာ ၂ ရက် (အင်္ဂါနေ့) မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်သည်။ အဆိုပါတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို စက်တင်ဘာ ၂ ရက်မှ စက်တင်ဘာ ၁၉ ရက် အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များ အပါအဝင် (ပိတ်ရက်မရှိ)

စာမျက်နှာ ၃ သို့ ⟶

# ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများ ကျွမ်းကျင်မှ စက်ရုံလုပ်ငန်းများ ဖြောင့်ဖြောင့်ဖြူးဖြူး လည်ပတ်နိုင်မည်ဖြစ်ကာ ကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်

နေပြည်တော် ဩဂုတ် ၂၂

ဘွိုင်လာကျွမ်းကျင်သူများ တိုးပွားလာသည်နှင့်အမျှ ဘွိုင်လာသုံးစက်မှုလုပ်ငန်းများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဘွိုင်လာများကို စွမ်းရည်ပြည့်သုံးစွဲနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်း အမှတ်စဉ် (၂/၂၀၂၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ ဘွိုင်လာသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်မှ တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအဖွဲ့ဝင်၊ ဘွိုင်လာနှင့်သက်ဆိုင်သည့် ကျွမ်းကျင်ပညာရှင်များ၊ ဘွိုင်လာစစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး(အငြိမ်းစား)များနှင့် စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

### ထိထိရောက်ရောက်အသုံးချ

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအနေဖြင့် လုပ်ငန်းခွင်သို့ အသီးသီးပြန်လည်ဝင်ရောက်သည့်အခါ မမေ့သော သတိ၊ မလျှော့သောဇွဲတို့ဖြင့် စနစ်တကျဖြင့် လက်တွေ့ကျကျ အသုံးချကြရန်၊ ကြိုးစားအားထုတ်ကြရန် အထူးမှာကြားလိုကြောင်း၊ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများ ကျွမ်းကျင်ပြီး သတိရှိရှိ ကြိုးစားလုပ်ဆောင်မှသာ ဘေးအန္တရာယ်ကင်းပြီး ဘွိုင်လာကောင်းမည်၊ ဘွိုင်လာကောင်းမှ စက်ရုံလုပ်ငန်းများ ဖြောင့်ဖြောင့်ဖြူးဖြူး လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ ကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် စက်မှုကဏ္ဍ၏ အစိတ်အပိုင်း





တစ်ရပ်အဖြစ် ပါဝင်နေသည့် ယခုဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူ သင်တန်းသားများသည် ပညာရပ်များကို ထိထိရောက်ရောက်အသုံးချပြီး အလုပ်တာဝန်များကို ပိုမိုကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းတွင် ထူးချွန်ဆုရရှိသူ သုံးဦးကို ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်အား ပေးအပ်သည်။

### လေ့ကျင့်သင်ကြားပေးခဲ့

စက်မှုဝန်ကြီးဌာနအနေဖြင့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်းကို ၁၉၇၇ ခုနှစ်မှစပြီး ယနေ့အထိ စုစုပေါင်းအကြိမ် ၇၀ ဖွင့်လှစ်၍ သင်တန်းသား စုစုပေါင်း ၄၅၄၄ ဦးတို့ကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ စနေနေ့။

## ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေး ဆောင်ရွက်လျက်ရှိ

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရေး၊ အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းခုနစ်ကျောင်းကို တည်ထောင် ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် လုပ်သားများအတွက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် သင်ကြားပို့ချပေးသည့် စာတွေ့အသိပညာဗဟုသုတများနှင့် လက်တွေ့ကျွမ်းကျင်မှုများကို စနစ်တကျလေ့လာမှတ်သားကြရန်၊ လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချကြရန်၊ စဉ်ဆက်မပြတ် လေ့လာဆည်းပူးဆောင်ရွက်ကြရန်လိုကြောင်း ပြည်ထောင်စုဝန်ကြီးဦးအောင်ကျော်ဟိုးက ဩဂုတ် ၂၁ရက် နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည့် မော်တော်ယာဉ် စက်ပြင်သင်တန်းအမှတ်စဉ်(၃/၂၀၂၅)နှင့် စားသောက်ဆိုင်ဝန်ဆောင်မှုသင်တန်းအမှတ်စဉ် (၃/၂၀၂၅)ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် တာမွေမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီး(ရန်ကုန်) အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ ယုံကြည်အားထားရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများပေးအပ်နိုင်ရန် မှာကြားပြီး ပြင်ပလူနာများအား ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုအားပေးစကားပြောကြားကာ အတွင်းလူနာကုသပေးသည့် ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူနေသည့် အာမခံအလုပ်သမားများအား ထောက်ပံ့ငွေများပေးအပ်သည်။

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မြောက်ဒဂုံ)၌ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းဖွင့်လှစ်ပို့ချနေမှုနှင့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြား (OWIC) ထုတ်ပေးနေမှု၊ အထည်ချုပ်သင်တန်းဖွင့်လှစ်ပို့ချနေမှုနှင့် လျှပ်စစ်ကျွမ်းကျင်မှုအဆင့်(၁) အလုပ်အကိုင်အတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းစဉ်ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။ အလုပ်သမားဝန်ကြီးဌာနသည် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရေး၊ အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်ဆက်ဆံရေး ကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များဖြစ်ပေါ်စေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များ ရရှိစေရန် စည်းကြပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိခံစားမှု လျော့နည်းကျဆင်းရေးစသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်းရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးအတွက် ဈေးချိုတော်ပိတ်ရက်တွင် အထူးသန့်ရှင်းရေး ဆောင်ရွက်





**မန္တလေး ဩဂုတ် ၂၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် ဈေးချိုတော်ပိတ်ရက်တွင် အထူးသန့်ရှင်းရေးလုပ်ငန်းကို ယနေ့နံနက် ၇ နာရီမှ မွန်းလွဲပိုင်းထိ ဈေးချိုတော်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေမြောင်းများဆယ်ယူခြင်း၊ အပင်များ အလင်းဖွင့်ကိုင်းရှင်းခြင်းလုပ်ငန်းများကို သန့်ရှင်းရေးဌာန၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ဈေးနှင့်သားသတ်ဌာနတို့မှ အရာထမ်း၊ အမှုထမ်းများက အထူးသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

ထိုသို့ အထူးသန့်ရှင်းရေးလုပ်ငန်းကို ဈေးချိုတော် ဧရိယာနှင့် မန်းမြန်မာပလာဇာပတ်လည်တို့တွင် ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်းတို့က ဌာနအလိုက် အထူးသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်(၅၀၈)၊ ၈၂လမ်းနှင့် ၈၄လမ်းကြား၊ ဘုရားကြီးတောင်ဘက်မုဒ်တို့တွင် ရောင်းချပေးခဲ့သည်။ **(အပေါ်ပုံ)**



သက်သာဈေးရောင်းချမည့် အစီအစဉ်ကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်ရောင်းချပေးမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## အမရပူရမြို့နယ်တွင် ဧရာဝတီမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်




**မန္တလေး ဩဂုတ် ၂၂**

အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု၊ ပန်းခြံ(၂)အနီးရှိ ဧရာဝတီမြစ် အလံတိုင်ဆိပ်ကမ်းတွင် ယနေ့နံနက် ၈ နာရီက ဒေသတွင်း ငါးသယံဇာတပေါများလာစေရန်ရည်ရွယ်၍ ငါးမျိုးစိုက်ထည့်ခြင်းကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ အမရပူရခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများတက်ရောက်၍ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြသည်။

ယနေ့ဧရာဝတီမြစ်အတွင်း ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ သုံးသိန်းခွဲနှင့် ထိုင်းငါးခုံးမငါးသားပေါက်ကောင်ရေ သုံးသိန်းခွဲ စုစုပေါင်း ငါးသားပေါက်အကောင်ရေ ၇ သိန်း စိုက်ထည့်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**(အပေါ်ဝဲပုံ)**

**စိုးသီဟ**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# အလုပ်ရှင်များအနေဖြင့် စက်ရုံ၊ အလုပ်ရုံများ စွမ်းအားပြည့် ပုံမှန်လည်ပတ်နိုင်ရေးနှင့် အလုပ်သမားများ၏ ကျန်းမာရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေးတို့အတွက် လုပ်ဆောင်

ရန်ကုန် ဩဂုတ် ၂၂

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံ (ထန်းတပင်)သို့ သွားရောက်၍ လူမှုဖူလုံရေးအကျိုးဝင် အာမခံအလုပ်သမားများအား ကျန်းမာရေးပြုစုစောင့်ရှောက်မှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကာ ဆေးရုံတက်ရောက်ဆေးကုသနေသော အာမခံအလုပ်သမားများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။



ထို့နောက် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် စက်မှုဇုန်(၁)ရှိ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ (ကနောင်ခန်းမ)၌ စက်မှုဇုန်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ စက်ရုံတာဝန်ရှိသူများ၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အလုပ်သမားရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် အလုပ်သမားဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို သိရှိနားလည်၍ လိုက်နာဆောင်ရွက်ကြရန်နှင့် အလုပ်ရှင်နှင့် အလုပ်သမားများအား အသိပညာပေးဆွေးနွေးပွဲများကို ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလုပ်ရှင်များအနေဖြင့် စက်ရုံ၊ အလုပ်ရုံများ စွမ်းအားပြည့်ပုံမှန်လည်ပတ်နိုင်ရေးနှင့် အလုပ်သမားများ၏ ကျန်းမာရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေးတို့အတွက် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အလုပ်သမားညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ အမျိုးသားလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများနှင့် တိုင်းရင်းဆေးကုခန်း၊ လူမှုဖူလုံရေး - ကဲဝဲလ်ဆေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ Golden Emperor (Myanmar) Co., Ltd. ဖိနပ်ချုပ်စက်ရုံ(ဝဲပုံ)နှင့် Sheng Jie (Myanmar) Co., Ltd. အထည်ချုပ်စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ စက်ရုံများတွင် ဖွဲ့စည်းထားသည့် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများအား အလုပ်သမားရေးရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်မြို့၌ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၂၂

ပြောင်းလဲနေသော ကမ္ဘာကြီးတွင် မျိုးဆက်သစ်လူငယ်များ တက်ကြွစွာပါဝင်နိုင်ရေး ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ (Future Front Myanmar : Youth Strategy Forum – 2025) ကို ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်သည်။




ပြန်ကြားရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)တို့ ပူးပေါင်းကျင်းပမည့် အဆိုပါ လူငယ်မဟာဗျူဟာဖိုရမ်ကို နိုင်ငံတကာရေးရာ၊ ပထဝီနိုင်ငံရေးနှင့် အမျိုးသားမဟာဗျူဟာနှင့်ပတ်သက်သည့် အခြေခံဗဟုသုတများ ရရှိစေရန်၊ လူငယ်များအကြား ခေါင်းဆောင်မှု၊ စူးစမ်းစဉ်းစားနိုင်မှုနှင့် ဆက်သွယ်ရေးကျွမ်းကျင်မှု အရည်အချင်းများ မြှင့်တင်ရန်၊ အပြန်အလှန်ဆွေးနွေးပြောဆိုမှုများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးနှီးနှောမှုနှင့် ပြည်သူ့နီတိထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ရန်၊ လူငယ်များ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်လမ်းကြောင်းများကို ရှုမြင်အဆိုပြုနိုင်စွမ်း မြှင့်တင်ရန်နှင့် အနာဂတ်တွင် အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့် လုပ်ငန်းအစီအစဉ်များအတွက် တက်ကြွသည့် လူငယ်ကွန်ရက်ကို ဖန်တီးပေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖိုရမ်တွင် အိန္ဒိယနိုင်ငံမှ မဟာဗျူဟာရေးရာ လေ့လာသုံးသပ်သူ Mr. Atul Aneja က ပြောင်းလဲနေသောကမ္ဘာနှင့် မြန်မာ-ပထဝီနိုင်ငံရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာ၊ ပထဝီနိုင်ငံရေးနှင့် ဗဟုဝင်ရိုးကမ္ဘာခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ SUPDI ၊ Distance Private University မှ တွဲဖက်ပါမောက္ခ Mr. Lorenzo Maria Pacini က ပြောင်းလဲနေသောကမ္ဘာနှင့် မြန်မာ-ပထဝီနိုင်ငံရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာ၊ စီးပွားရေးနှင့် ဗဟုဝင်ရိုးကမ္ဘာခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြမည်ဖြစ်သည်။

ထို့အပြင် ဖိုရမ်သို့တက်ရောက်ကြမည့် လူငယ်များ၏ အနာဂတ်မြန်မာနိုင်ငံအတွက် ရှုမျှော်မှု (Icebreaker Activity) ပုံစံ၊ ကမ္ဘာ့ကဖေးဆွေးနွေးပွဲ (World Café) ပုံစံ၊ လန်းဆန်းနိုးထဉာဏ်စမ်း (Energizer Quiz) ပုံစံ၊ အဖွဲ့အလိုက်ဆွေးနွေးပွဲ(Team Workshop) ပုံစံများဖြင့် ဆွေးနွေးကြမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူငယ်များ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း၊ ဖိုရမ်နောက်ဆုံးရက်တွင် လူငယ်များ၏ ဆွေးနွေးပွဲရလဒ်များကို ကြေညာချက်စာတမ်းတစ်ရပ်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

○ ရှေ့ဖုံးမှ

အောက်ပါတက္ကသိုလ်များတွင် လက်ခံမည်ဖြစ်သည်-

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) လှိုင်ကော်တက္ကသိုလ်
(၃) ဘားအံတက္ကသိုလ်
(၄) ဟားခါးတက္ကသိုလ်
(၅) မုံရွာတက္ကသိုလ်
(၆) ရွှေဘိုတက္ကသိုလ်
(၇) စစ်ကိုင်းတက္ကသိုလ်
(၈) ထားဝယ်တက္ကသိုလ်
(၉) တောင်ငူတက္ကသိုလ်
(၁၀) ပြည်တက္ကသိုလ်
(၁၁) ပဲခူးတက္ကသိုလ်
(၁၂) မကွေးတက္ကသိုလ်
(၁၃) ပခုက္ကူတက္ကသိုလ်
(၁၄) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၅) မိတ္ထီလာတက္ကသိုလ်
(၁၆) ကျောက်ဆည်တက္ကသိုလ်
(၁၇) မော်လမြိုင်တက္ကသိုလ်
(၁၈) စစ်တွေတက္ကသိုလ်
(၁၉) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၂၀) တောင်ကြီးတက္ကသိုလ်
(၂၁) ကျိုင်းတုံတက္ကသိုလ်
(၂၂) ပုသိမ်တက္ကသိုလ်
(၂၃) ဟသ်ာတတက္ကသိုလ်
(၂၄) မအူပင်တက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြို့သစ်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

မြို့သစ် ဩဂုတ် ၂၂

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ဒေသခံပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ(ရတနာခန်းမ)၌ ကျင်းပသည်။

ဦးစွာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိက မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့်ဒေသခံပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သန်းဝင်းထွန်း (ပြန်/ဆက်)

" ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်အံ့ "

# ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးသင့် အာဟာရချက်ပြုတ်ပြိုင်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၂၂**

၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် တိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးသင့် အာဟာရချက်ပြုတ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အကဲဖြတ်အမှတ်ပေးဒိုင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တန်ဖိုးသင့် အာဟာရချက်ပြုတ်ပြိုင်ပွဲဝင်များနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

၎င်းနောက် အခမ်းအနားကို အဆိုပါကျောင်းတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မီမီစိုးနှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးသင့် အာဟာရချက်ပြုတ်ပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များ၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။



ဆက်လက်၍ ဆုရရှိသည့် ခရိုင်အသင်းများအား ဆုများချီးမြှင့်ရာ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက ပထမဆုရရှိသည့် ပြင်ဦးလွင်ခရိုင်အသင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ဒုတိယဆုရရှိသည့် အမရပူရခရိုင်အသင်း၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက တတိယဆုရရှိသည့် ရမည်းသင်းခရိုင်အသင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ ဇနီးများက အထူးဆုရရှိသည့် ခရိုင်အသင်းများကို ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို ကြက်ဥ၊ အိုင်အိုဒင်းဆားနှင့် အာဟာရဖြည့်စွက်စာများကို လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



## စားအုန်းဆီများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချမှု မရှိစေရေး ကြပ်မတ်စစ်ဆေး

**တောင်တွင်းကြီး ဩဂုတ် ၂၂**

တောင်တွင်းကြီးမြို့နယ်အတွင်း စားအုန်းဆီအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသော ဟင်းသီးဟင်းရွက်ဆီ (စားအုန်းဆီ)နှင့် အဆင့်မြှင့်စားအုန်းဆီတို့တွင် ကုန်စည်၏ အမျိုးအမည်နှင့် အလေးချိန်တို့အား မြန်မာဘာသာဖြင့် ရေးသားဖော်ပြခြင်း ရှိ၊ မရှိ၊ စားအုန်းဆီများ ဈေးနှုန်းမြင့်တင်ရောင်းချခြင်း ရှိ၊ မရှိ တို့အား ယနေ့နံနက်ပိုင်းက တောင်တွင်းကြီးမြို့ မြို့မဈေးနှင့် super Market စတိုးဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ ကြပ်မတ်စစ်ဆေးရာတွင် မြို့နယ်စိစစ်ဖော်ထုတ်ကြပ်မတ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မြတ်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါ်ငွေငွေနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နောင်နောင်(မိဿနိုးမြေ)**

## သဘာဝဘေးအန္တရာယ်များပြန်လည်တုံ့ပြန်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တာချီလိတ် ဩဂုတ် ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ သဘာဝဘေးအန္တရာယ်များ ပြန်လည်တုံ့ပြန်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ခရိုင်၊ မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်မင်းထွန်းက သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသိုက တာချီလိတ်မြို့နယ်အတွင်း ဇူလိုင်လမှစ၍ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ လာမည့် စက်တင်ဘာလတွင် ယခင်နှစ် စိုးရိမ်ရေမှတ်ထက်ကျော်လွန်၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်ခြင်းကြောင့် ရေကြီးရေလျှံမှုများ ကာကွယ်နိုင်ရန်နှင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းစေရန် မယ်ဆိုင်ချောင်းဘေး ရေထိန်းနံရံများအား အဆင့်မြှင့်တင်ခြင်းနှင့် ရေထိန်းတံခါးများအား ပြန်လည်ပြုပြင် မွမ်းမံရန်အတွက် လိုအပ်ချက်များအား ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်အသင်းအဖွဲ့များက ရေကြီးရေလျှံမှုများအတွင်း ရေဘေးသင့်ပြည်သူများ၏ စားဝတ်နေရေး၊ နေရာချထားရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ အားသာချက်၊ အားနည်းချက်များ၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများနှင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေများထားရှိရေး စသည့်ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

## ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချသည့် မိသားစုများ အဆင်ပြေလျက်ရှိ

**ကျောက်ဆည် ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်ရှိ မြစ်ချောင်းများဘေး၌ ကိုင်းကျွန်းမြေပိုင်ဆိုင်သူများအနေဖြင့် နေ့စဉ်ဝင်ငွေရရှိရေး ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချသည့် မိသားစုများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**



သီးနှံမျိုးစုံ စိုက်ပျိုးရောင်းချခြင်းများနှင့်ပတ်သက်၍ စိုက်ထားတဲ့ သီးနှံတွေကတော့ ဆလတ်တွန့်၊ တာချီဆန်၊ အိုးမုန်ညှင်း၊ ဆူးပန်း၊ နံနံ၊ ချဉ်ပေါင်၊ ပင်စိမ်း၊ တောင်အော်၊ ကန်စွန်း၊ ကြက်သွန်မိတ်၊ ခရမ်း၊ မုန်လာဥ၊ မုန်ညင်းခါး၊ ဘူး၊ ဆူးပုတ်ကြီး၊ စပါးလင် စတဲ့ ဟင်းသီးဟင်းရွက်တွေကို နှစ်ပတ်လည် စိုက်ပျိုးရောင်းချကြောင်း၊ စိုက်ပျိုးတဲ့အခါမှာလည်း ဓာတုဓာတ်ကြွင်း ကင်းလွတ်စေဖို့ Super ဘိုကာရှီ၊ EM ဘိုကာရှီ သဘာဝမြေဆွေးမြေဩဇာ၊ ငါးအမိုင်နိုအက်စစ် သဘာဝအပင်အားတိုးဆေး၊ သဘာဝဆေးရွက်ကြီး၊ သဘာဝငရုတ်သီးပိုးနှင်ဆေး၊ EM-5 သဘာဝမှိုဆေးတွေ ကိုယ်တိုင်ပြုလုပ်ပြီး သုံးစွဲကြောင်း ရန်ပုံနှစ်ကျေးရွာမှ ဟင်းသီး၊ ဟင်းရွက်မျိုးစုံ စိုက်ပျိုးရောင်းချသည့် ဦးမြင့်မောင်က ပြောပြသည်။

စိုက်ပျိုးရာ၌ ပန်းလောင်းမြစ်ရေကို ရေစုပ်စက်ဖြင့် တင်၍ လိုအပ်သည့်အချိန်၌ လိုအပ်သလောက် အသုံးပြု၍ စိုက်ပျိုးခြင်းကြောင့် အဆင်ပြေကြောင်း၊ နေ့စဉ် ခူးဆွတ်ရရှိသည့် သီးနှံများအား ကျောက်ဆည်မြို့၊ အေးမြကြည်လင်ဈေးတွင် သွားရောက် ရောင်းချကြောင်း၊ ဝယ်ယူစားသုံးသူများကလည်း လတ်ဆတ်သည့် သီးနှံများဖြစ်သည့်အတွက် အရောင်းအဝယ်ကောင်း၍ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် မဟာမုနိဘုရားကြီးပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်း ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဩဂုတ် ၂၂**

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် မဟာမုနိဘုရားကြီးနှင့် ဘုရားကြီးပရဝဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီးဆုံးရှုံးခဲ့မှုဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်း ဆောင်ရွက်နေမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မဟာမုနိဘုရားကြီးပရဝဏ်ရှိ အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အစည်းအဝေးသို့ မဟာမုနိဘုရားကြီးပြန်လည်ပြုပြင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဗိသုကာပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မဟာမုနိဘုရားကြီးပြန်လည်ပြုပြင်ရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများကို ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးထားပြီး ဖြစ်ပါကြောင်း၊ ရှေးမူမပျက် ပြန်လည်ပြင်ဆင်ခြင်းကို မြေငလျင်ဒဏ်ခံနိုင်မှုရှိရေးနှင့် အကောင်းဆုံးဖြစ်စေရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီဝင်များနှင့် ပညာရှင်များဖြင့် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များကို အလေးထားကာ စနစ်တကျ စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# ရေဘေးအန္တရာယ် အသိပညာပေး ဆွေးနွေးပွဲ (Talk Show) ကျင်းပ



**မြို့သစ် ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ရေဘေးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ရေဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ (Talk Show)ကို ဩဂုတ် ၂၀ ရက်၊ မွန်းလွဲ ၂ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲ (Talk Show) တွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နုနုထွေးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်တို့က သဘာဝဘေးအမျိုးအစားများ၊ ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ၊ ရေကြီးခြင်း သတိပေးချက်ရလျှင် ဆောင်ရွက်ရန် အချက်များ၊ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် လိုက်နာရန် အချက်များနှင့် ရှောင်ရှားသင့်သည့် အချက်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရန် အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ သဘာဝဘေး အသိပညာပေး လုပ်ငန်းဆောင်ရွက်မှုများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ဆက်သွယ်ဆောင်ရွက်ရမည့် နေရာ၊ ဖုန်းနံပါတ်နှင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့် အိမ်ထောင်စုများအတွက် ကူညီပံ့ပိုးမှု အခြေအနေများကို အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

# အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းတွင် အသိပညာပေးဟောပြော

**မန္တလေး ဩဂုတ် ၂၂**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို)(AEDA-Mdy) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်သက်ဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် 'မူးယစ်သမိုင်းကြောင်း'ကို အသင်း၏တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက လည်းကောင်း၊ 'မူးယစ်ဆေးဝါး အမျိုးအစားနှင့်ဆိုးကျိုးအန္တရာယ်' ကို အသင်းအတွင်းရေးမှူး ဦးမြင့်သန်းက လည်းကောင်း၊ အသိပညာပေးဟောပြောကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား အသင်းအမှုဆောင် ဒေါ်ခင်မေပိုင်က မူးယစ်ဆိုင်ရာမေးခွန်းများ မေးမြန်းရာ ဖြေဆိုသည့် ကျောင်းသား၊ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်လျက် ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ဟောပြောပွဲသို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၄၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၇ဝ)**



# မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများအား အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆောင်ရွက်

**မိုးကောင်း ဩဂုတ် ၂၂**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ်၊ နမ္မတီးမြို့၌ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများအား အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆောင်ရွက်ခြင်းကို ဩဂုတ် ၂၁ ရက် နံနက် ၁၀နာရီတွင် နမ္မတီးမြို့ ဆေးရုံလမ်းမကြီးလမ်းဆုံနှင့် ပြည်ထောင်စုလမ်းမလမ်းဆုံတို့၌ ပြုလုပ်ခဲ့သည်။

ဆိုင်ကယ်နှင့်မော်တော်ယာဉ်မောင်းနှင်သူများ ထိခိုက်မှုမရှိဘဲ အသက်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ အသိပညာပေးဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟဇော် ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲထွန်းအောင်၊ နမ္မတီးနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းသူအောင်နှင့်တပ်ဖွဲ့ဝင်များက ဖြတ်သန်းသွားလာစီးနင်းမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများအနက် ဆိုင်ကယ်စီး ဦးထုပ်မပါသူများအား ဆိုင်ကယ်စီးဦးထုပ်အခမဲ့ပေးခြင်း၊ 'ဆိုင်ကယ်စီးလျှင် ဦးထုတ်ဆောင်းပါ' စာတန်းပါ အသိပညာပေးစတေကာနှင့်ရောင်ပြန်များ ကပ်ပေးခြင်း၊ မော်တော်ယာဉ်များတွင် 'မော်တော်ယာဉ်မောင်းနှင်စဉ်ထိုင်ခုံခါးပတ် ပတ်ပါ' စာတန်းပါ စတေကာများ ကပ်ပေးခြင်း၊ လက်ကမ်းစာစောင်များပေးဝေခြင်း၊လိုင်စင်မဲ့မော်တော်ယာဉ်၊ ဆိုင်ကယ်များအား လက်ဝယ်ထားရှိ စီးနင်းခြင်းများ မပြုလုပ်ရန် အသိပညာပေးပြောကြားခြင်း၊ ဆိုင်ကယ်များတွင် သတ်မှတ်နံပါတ်ပြားနှင့်ဘက်မှန်များ တပ်ဆင်အသုံးပြုရန်၊ ဦးထုပ်ဆောင်းရန်၊ မော်တော်ယာဉ်မောင်းနေစဉ် ထိုင်ခုံခါးပတ်ပတ်ထားရန် အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# (၃၁)ကြိမ်မြောက် ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ စာကြည့်တိုက်စာအုပ်ဆုနှင့် ပညာရည်ချွန်ဆုများ ချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

(၃၁)ကြိမ်မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ စာကြည့်တိုက်စာအုပ်ဆုနှင့် ပညာရည်ချွန်ဆုများ ချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ စုပေါင်းခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို)ဥက္ကဋ္ဌနှင့် အမှုဆောင်ကော်မတီဝင်များ၊ ပခုက္ကူ စာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင်များ၊ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ကော်မတီဝင်များ၊ စာပေဆုရ စာရေးဆရာကြီး၊ ဆရာမကြီးများ၊ ပညာရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကား ပြောကြားရာ၌ ယနေ့ဆုချီးမြှင့်ပွဲတွင် တစ်သက်တာ စာပေဆုအပါအဝင် ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာပေဆုနှင့် သုတေသနစာပေဆု စုစုပေါင်း ၁၃ ဆုကို ချီးမြှင့်နိုင်ခဲ့သည့်အတွက် ဆုရရှိသူ စာရေးဆရာကြီး၊ ဆရာမကြီးများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဘာသာရပ်တိုင်းတွင် ဆုရရှိသည့် စာမူလက်ရာများသည် နိုင်ငံနှင့် ပြည်သူအတွက် သုတ၊ ရသ နှစ်ဖြာ ဖြည့်ဆည်းပေးမည့် ဘဝလမ်းညွှန်စာမူကောင်းများ ဖြစ်ပါကြောင်း။

စာပေပညာရှင်များအနေဖြင့် အသက်ရာကျော်ရှည်လျက် ကျန်းမာစွာနှင့် စာပေများ ဆက်လက်ရေးသားနိုင်ပါစေ၊ မိမိတို့၏ ကလောင်အစွမ်းဖြင့် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေ၊ မြန်မာစာပေဖွံ့ဖြိုးရေးကို အထောက်အကူပြုနေကြသည့် ပခုက္ကူစာပေဆုအပါအဝင် အခြားပုဂ္ဂလိကစာပေဆုများ အခွန့်ရှည်တည်တံ့ပြီး မြန်မာစာပေအကျိုးကို ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က စာပေဆုရွေးချယ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပခုက္ကူစာပေတစ်သက်တာဆုရ ဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ)အား ဆုချီးမြှင့်ပြီး ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီသို့ အလှူငွေကျပ် ၇၅ သိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်(ငြိမ်း)က အလှူငွေကျပ် ၇၅ သိန်းနှင့် မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်းမှ လှူဒါန်းငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ပခုက္ကူစာပေဆု ဝတ္ထုရှည် ဒုတိယဆုရ "ကိုယ်ချင်းစာနိုင်ကြပါစေ" ရေးသားသူ မောင်နေခြည်(ပြည်)နှင့် ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ "မခန်းသောမြစ်နှင့် အခြားဝတ္ထုတိုများ" ရေးသားသူ ညိမ်းညိုတို့အားလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ "အရုဏ်ဦးမှာ ကြည်နူးစွာနှင့် အခြားဝတ္ထုတိုများ" ရေးသားသူ သက်ဦးခင်နှင့် ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ "ကျောင်းဆရာမလေးဖြစ်ချင်တယ်နှင့် အခြားဝတ္ထုတိုများ" ရေးသားသူ မေလတ်ဟန်တို့အား လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ပခုက္ကူစာပေဆု ကျမ်းစာပေ ဒုတိယဆုရ "ခေတ်ဟောင်း မြန်မာ့တေးဂီတအနုပညာဖြင့် တိုင်းပြည်ကို အလှဆင်ခဲ့ကြသူများ" ရေးသားသူ ခင်ဇ(စက်မှု) ကိုယ်စား မိသားစုဝင်တစ်ဦးနှင့် ပခုက္ကူစာပေဆု ကျမ်းစာပေ တတိယဆုရ "ပလ္လင်ရှစ်ခန်း ရွှေနန်းကိုးဆောင်" ရေးသားသူ ဦးဝင်းမြင့်မောင်(လင်းအရုဏ်ဦး)အားလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပခုက္ကူစာပေဆုရရှိသူများ၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုရသူများနှင့် ပညာသင်ဆုရရှိသူများအား မြန်မာနိုင်ငံစာရေးဆရာအသင်းနာယက၊ အမျိုးသားစာပေတစ်သက်တာဆုရှင် ဒေါ်ချိုချိုတင်(မစန္ဒာ)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ပခုက္ကူစာပေ ရန်ပုံငွေဆုကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးသိန်းခိုင်ဦး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဦးလှခိုင်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စာပေအလှူရှင် ပခုက္ကူဦးအုံးဖေ ကိုယ်စား ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးသိန်းခိုင်ဦးက စာပေဆုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပခုက္ကူစာပေတစ်သက်တာဆုရ ဆရာမကြီး ဒေါက်တာခင်သန်းဦး (မမိုးမြေ)က ဆုရရှိသူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပခုက္ကူစာပေတစ်သက်တာဆုရ ဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ)အား ဆုချီးမြှင့်ပေးအပ်စဉ်။

# စစ်တွေမြို့ရှိ ယာယီနေရပ်စွန့်ခွာစုရပ် ၅၄ ခု၌ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်တွေ ဩဂုတ် ၂၂

စစ်တွေမြို့ပေါ်ရှိ ယာယီနေရပ်စွန့်ခွာစုရပ် ၅၄ ခုရှိ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ(ယာပုံ) ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စာရေးဆရာများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်သင်ကြားခဲ့

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယာယီနေရပ်စွန့်ခွာစုရပ်ရှိ တိုင်းရင်းသားများ၏ လိုအပ်ချက်များကို အစဉ်တစိုက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် အသက်မွေးဝမ်းကျောင်း ပညာ လိုအပ်ချက်စစ်တမ်းကောက်ယူ၍ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ ရက်ကန်းသင်တန်းနှင့် ပန်းရန်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ ဒေသခံတိုင်းရင်းသားများအတွက် ခေတ္တနားခိုရာ၊ နေထိုင်ရာ အရိပ်တစ်ခုဆောင်ရွက်ပေးလိုက်ခြင်းဖြစ်သည့်အတွက် ဆောင်ရွက်ပေးသူအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် တည်ဆောက်ရေးလုပ်ငန်းများကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက ယာယီနေရပ်စွန့်ခွာစုရပ်၅၄ ခုတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ အဆောက်အဦဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်နယ်လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက စုရပ်အလိုက် လုပ်ငန်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ဓာတ်ပုံ- ဝင်းမင်းစိုး



## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော



ရန်ကုန် ဩဂုတ် ၂၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များ နှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် လသာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း မြည်ီလာခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ခရိုင်လျှပ်စစ်မန်နေဂျာ ဦးယဉ်မိုးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအကြောင်းကိုလည်းကောင်း၊ လသာမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးမောင်မောင်စွယ်စုံထွန်းမှ တရားမဝင် ဓာတ်အားသုံးစွဲမှု လျှော့နည်းပပျောက်ရေးအကြောင်းကိုလည်းကောင်း လျှပ်စစ်ဆိုင်ရာ အသိအမြင်အတွေ့အကြုံ ဗဟုသုတများကို ဟောပြောမျှဝေခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စုစုပေါင်း အင်အား ၃၅၀ကျော် တက်ရောက်ကာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံး ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(ကဆ)

# (၁၉) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ



နေပြည်တော် ဩဂုတ် ၂၂

မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၉) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (19th ASEAN Navy Chiefs' Meeting - 19th ANCM) သို့တက်ရောက်ခဲ့သည့်ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၁ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် (၁၉) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးတက်ရောက်ခြင်း၊ အာဆီယံရေတပ်ဦးစီးချုပ်များအား သီးခြားစီတွေ့ဆုံခြင်းနှင့် အာဆီယံရေတပ်စစ်ရေယာဉ်များပြပွဲသို့ တက်ရောက်ခြင်းများ ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးသို့ အာဆီယံနိုင်ငံရေတပ်များမှ ရေတပ်ဦးစီးချုပ်များ၊ လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(၁၉) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (19th ASEAN Navy Chiefs' Meeting - 19th ANCM) ကိုဩဂုတ် ၁၈ ရက်မှ ၂၁ ရက်အထိ မလေးရှားနိုင်ငံ ပီနန်မြို့၌ပြုလုပ်ရာ (အပေါ်ယာပုံ) ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း တက်ရောက်သည်။ ဦးစွာ မလေးရှား ကာကွယ်ရေးဝန်ကြီး Mohamed Khaled Nordin မှ အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် ယခင်နှစ် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး မှတ်တမ်းအား အတည်ပြုသည်။ ဆက်လက်၍ ANCM အမြဲတမ်းပူးတွဲ အတွင်းဝန်က ဒေသတွင်းပင်လယ်ရေကြောင်းလုံခြုံရေး အခြေအနေများအား အကျဉ်းချုပ်တင်ပြဆွေးနွေးကြသည်။ ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော အာဆီယံရေတပ်ဦးစီးချုပ်များက အာဆီယံပင်လယ်ရေကြောင်း လုံခြုံရေးကို ပိုမိုခိုင်မာစေရန် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို ပေါင်းစပ်၍ အာဆီယံရေတပ်များ၏ စည်းလုံးညီညွတ်မှုကို တိုးမြှင့်ဆောင်ရွက်ကြပါစို့ (Advancing the ASEAN Navies' Unity-Synergising Innovation and Technology in Strengthening ASEAN Maritime Security) ခေါင်းစဉ်အား နိုင်ငံအလိုက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းက ညီညွတ်မှုနှင့်ယုံကြည်မှု၏ တည်တံ့ခိုင်မြဲသောအရေးပါမှု၊ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာကို လက်တွေ့ကျကျအသုံးချမှု၊ ပင်လယ်ရေကြောင်း လုံခြုံရေးတိုးမြှင့်ရန် လက်တွေ့ကျသောလုပ်ဆောင်မှုများကို ဆွေးနွေးခဲ့သည်။ ယင်းနောက် သတင်းအချက်အလက်မျှဝေခြင်း၊ ဆွေးနွေးဖလှယ်ခြင်းအစီအစဉ်များနှင့် အနာဂတ်တွင်ဆောင်ရွက်မည့် ANCM အစီအစဉ်များကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။ ယင်းနောက်သဘာပတိမလေးရှားရေတပ်ဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။ အစည်းအဝေးအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) သည် မလေးရှားရေတပ်ဦးစီးချုပ်၊ ဗီယက်နမ်ရေတပ်ဦးစီးချုပ်၊ ထိုင်းရေတပ်ဦးစီးချုပ်၊ ကမ္ဘောဒီးယားရေတပ်ဦးစီးချုပ်နှင့် လာအိုကြည်းတပ်၊ စစ်ဦးစီးဌာန၊ ဒုတိယအကြီးအကဲတို့ကို သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မလေးရှားနိုင်ငံ ပီနန်မြို့သို့ရောက်ရှိနေစဉ်အတွင်း အာဆီယံရေတပ်ဦးစီးချုပ်များနှင့် အဖွဲ့သည် ဩဂုတ် ၂၀ ရက်တွင် ပီနန်တောင်၌သဘာဝရှုခင်းလေ့လာရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံအလိုက် အမှတ်တရသစ်ပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ညပိုင်းတွင် မလေးရှားရေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲကို တက်ရောက်ခဲ့သည်။ ထို့အပြင် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် ပြုလုပ်သည့် အာဆီယံရေတပ်စစ်ရေယာဉ်များပြပွဲကို ပီနန်ပြည်နယ်ဘုရင်ခံ၊ အာဆီယံရေတပ်ဦးစီးချုပ်များ၊ မလေးရှားတပ်မတော်မှ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့သည်။

အလားတူ (၃)ကြိမ်မြောက် အာဆီယံရေတပ်များ ပူးပေါင်းလေ့ကျင့်ခန်း (3rd ASEAN Multilateral Naval Exercise) နှင့် အာဆီယံရေတပ်စစ်ရေယာဉ်များပြပွဲသို့ တက်ရောက်ရန် တပ်မတော်(ရေ) မှ စစ်ရေယာဉ်(ဆင်ဖြူရှင်) နှင့် အာဆီယံရေတပ်များမှ စစ်ရေယာဉ်များသည် ဩဂုတ် ၁၅ ရက်တွင် မလေးရှားနိုင်ငံ ပီနန်မြို့သို့ ရောက်ရှိလာကြပြီး အဆိုပါလေ့ကျင့်ခန်းအတွင်း စစ်ရေယာဉ်(ဆင်ဖြူရှင်) သည် လေ့ကျင့်ခန်းဖွင့်ပွဲအခမ်းအနားတက်ရောက်ခြင်း၊ ညအချိန် ၂၁ ကီလိုမီတာ တာဝေးအပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်း၊ အာဆီယံရေတပ်များ စစ်ရေးပြအခမ်းအနား၌ ပါဝင်ဆောင်ရွက်ခြင်း၊ အာဆီယံနိုင်ငံများမှ စစ်ရေယာဉ်များသို့ သွားရောက်လေ့လာခြင်း၊ ပီနန်ကမ်းခြေ၌ ကျင်းပသော ရိုးရာယဉ်ကျေးမှုကပွဲ အခမ်းအနားတွင် ပါဝင်ကပြဖျော်ဖြေခြင်း၊ မလေးရှားရေတပ်ပြပွဲ၊ နေဝင်ဆည်းဆာပြပွဲ၊ မလေးရှားရိုးရာနှင့် အာဆီယံနိုင်ငံများမှ ယဉ်ကျေးမှုကပြဖျော်ဖြေပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြပြီး အာဆီယံနိုင်ငံများမှ စစ်ရေယာဉ်များနှင့်ပူးပေါင်း၍ ပင်လယ်ပြင်လက်တွေ့ လေ့ကျင့်ခန်းများတွင် ပါဝင်လေ့ကျင့်ခဲ့ကြသည်။ အဆိုပါ (၃) ကြိမ်မြောက် အာဆီယံရေတပ်များ ပူးပေါင်းလေ့ကျင့်ခန်း (3rd AMNEX) ကို ဩဂုတ် ၁၅ ရက်မှ ၂၂ ရက်အထိ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ စစ်ရေယာဉ် (ဆင်ဖြူရှင်) အပါအဝင် နိုင်ငံပေါင်း ၈ နိုင်ငံမှ စစ်ရေယာဉ် ၁၀ စင်း ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၂၀ တို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၁၈ ဦးကို သွေးအမျိုးအစား စစ်ဆေးပေးခြင်းနှင့် ဒေသခံပြည်သူ ၈ ဦးကို ငှက်ဖျားရောဂါပိုးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသူ ၂၆ ဦးတို့အား ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပန်းခင်း(၃)စီမံချက်ဖြင့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေး



မန္တလေး ဩဂုတ် ၂၂

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၂၇လမ်း၊ ၄၉-၅၀ လမ်း (ဠ)ရပ်ကွက်ရှိ ကံကြီးကုန်း အမှတ်(၇)ဘုန်းတော်ကြီးပညာသင်ကြားရေးကျောင်းတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ကြီးတံခွန်မြို့နယ် ဦးစီးမှူး ဦးအောင်သွင်ဦးဆောင်သည့် အဖွဲ့မှ ပန်းခင်း(၃)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ယနေ့နံနက် ၁၀ နာရီက ပြည်သူများအား အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မဟာအောင်မြေခရိုင် လဝကဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်မှူး ဝင်းအောင်မျိုး၊ ရဲမှူး ဇေယျာသန်း၊ ဦးသောင်းနိုင်၊ ဥပဒေအရာရှိ ဦးရန်လင်းအောင်တို့က လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

(ယာပုံ)ဇင်မင်းမောင်

# အခွန်စည်းကြပ်မှုဆိုင်ရာသဘောတူညီမှု မူဘောင် အမေရိကန်နှင့် အီးယူတို့ ကြေညာ

**နယူးယောက် ဩဂုတ် ၂၂**

ကုန်သွယ်ရေး သဘောတူညီမှု အသစ် အကောင်အထည်ဖော်ရန် ဥရောပနှင့် အမေရိကတို့ ခြေလှမ်း လှမ်းနေကြပြီ ဖြစ်ကြောင်း၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန် တို့သည် ပြီးခဲ့သည့်လက အခွန်စည်းကြပ်မှု ဆိုင်ရာ သဘောတူညီမှုကိုရရှိပြီး နောက် ယခုလိုခြေလှမ်းထွက်ပေါ် လာခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

ဩဂုတ် ၂၁ ရက်တွင် နှစ်ဖက် စလုံးမှ ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန် ချက်တွင် အမေရိကန်သည် အီးယူမှ ပို့ကုန်များအပေါ် ၁၅ ရာခိုင်နှုန်း အခွန်စည်းကြပ်မှု ပြုလုပ်ထားကြောင်း၊ သို့သော်လည်း လေယာဉ်နှင့် လေယာဉ်အစိတ် အပိုင်းများအတွက် အခွန်စည်းကြပ် မှုမှာ သုည သို့မဟုတ် သုညနှင့် အလွန်နီးစပ်မည်ဖြစ်ပြီး တစ်ပိုင်း လျှပ်ကူးပစ္စည်းနှင့် ဆေးဝါးများ တွင် အခွန်စည်းကြပ်မှုမှာ ၁၅ ရာခိုင်နှုန်းထက် မပိုကြောင်း၊ ဥရောပထုတ်ကားများနှင့် ကား အစိတ်အပိုင်းများအပေါ် အခွန် စည်းကြပ်မှုမှာ လက်ရှိ ၂၇ ဒသမ ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း ထုတ်ပြန် ချက်တွင် ဖော်ပြသည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဥရောပ ကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်။

ယင်းအခြေအနေတွင် အီးယူ သည် အမေရိကန်ကုန်ပစ္စည်းများ အပေါ် အခွန်စည်းကြပ်ကောက်ခံ မှုကို လျှော့ချမည့်လုပ်ငန်းစဉ် များ စတင်လုပ်ဆောင်မည်ဟုဆို သည်။ နှစ်ဖက်ခေါင်းဆောင်များ သည် အမေရိကန်စက်မှုလုပ်ငန်း သုံး ကုန်ပစ္စည်းများအပေါ်တွင် အခွန်စည်းကြပ်မှု ဖယ်ရှားရန် မျက်စိကျနေသည့်အတွက် အဆိုပါ လုပ်ငန်းစဉ်ကို ယခုလအတွင်း စတင်မည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဂူဂဲလ်ကုမ္ပဏီနှင့် မက်တာလူမှုကွန်ရက် ပလက်ဖောင်းများအကြား ကလောက် ကွန်ပျူတင်းဆိုင်ရာ သဘောတူညီချက်တစ်ရပ် ချုပ်ဆို

**ဝါရှင်တန် ဩဂုတ် ၂၂**

ဂူဂဲလ်ကုမ္ပဏီနှင့် မက်တာ လူမှုကွန်ရက်ပလက်ဖောင်းများ အကြားတွင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော် တန်ဖိုးရှိ ကလောက်ကွန်ပျူတင်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ယမန်နေ့က ချုပ်ဆိုခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

သဘောတူညီချက်အရ မက်တာသည် ဂူဂဲလ်ကလောက် ဆာဗာများ၊ သိုလှောင်မှု၊ ကွန်ရက် ချိတ်ဆက်မှုနှင့် အခြားဝန်ဆောင်မှုများကို အသုံးပြုမည်ဖြစ်ကြောင်း သတင်းရင်းမြစ်က ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုသတင်းသည် ဇူလိုင်လက မက်တာအမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘတ်၏ ကုမ္ပဏီသည် ကြီးမားသော ဒေအိုင်ဒေတာစင်တာများစွာ တည်ဆောက်ရန်အတွက် အမေရိကန်ဒေါ်လာ ရာနှင့်ချီသော ဘီလီယံများကို သုံးစွဲမည်ဟူသော မှတ်ချက်များ တွေ့ရပြီးနောက်ပိုင်း ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

Mon

# ထိုင်းဝန်ကြီးချုပ်ဟောင်း သန်းကြွယ်သူဌေး သက်ဆင်ရှီနာဝပ် တော်ဝင်မိသားစုအပေါ် စော်ကားမှု စွဲချက်မှ လွတ်ငြိမ်းခွင့်ရ

**ဘန်ကောက် ဩဂုတ် ၂၂**

ထိုင်းဘုရင်မင်းမြတ်ကို စော်ကားမှုဖြင့် စွပ်စွဲခံထားရသော ထိုင်းဝန်ကြီးချုပ်ဟောင်း သန်းကြွယ်သူဌေး သက်ဆင်ရှီနာဝပ်ကို ဘန်ကောက်တရားရုံးက တော်ဝင်မိသားစုအပေါ် စော်ကားမှုစွဲချက်မှ ဩဂုတ် ၂၂ ရက်တွင် လွတ်ငြိမ်းခွင့်ပေးလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သောဆယ်နှစ်က ကိုရီးယားသတင်းစာတစ်စောင်နှင့် သက်ဆင်ရှီနာဝပ် တွေ့ဆုံမေးမြန်းခန်းပါ ပြောဆိုချက်များကို အကြောင်းပြုကာ ဘုရင်မင်းမြတ်ကို စော်ကားမှုသည်ဟု စွဲချက်တင်ခံခဲ့ရခြင်းဖြစ်သည်။

ထိုသို့ အပြစ်မှ လွတ်မြောက်လာချိန်တွင် ဝန်ကြီးချုပ်ရာထူးမှ ရပ်ဆိုင်းခံထားရသည့် သက်ဆင်၏သမီးဖြစ်သူ ပေ့ထုန်တန်ရှင်နာဝပ်သည် ရာထူးမှ ထုတ်ပယ်ခံရနိုင်သည့် တရားစွဲဆိုမှုကို ရင်ဆိုင်နေရသည်။

ထိုင်းနိုင်ငံ၏ ဘုရင်မင်းမြတ်ကို စော်ကားမှုပုဒ်မသည် တော်ဝင်မိသားစုကို ပြစ်တင်ရှုတ်ချခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းမှ တားမြစ်ထားသည်။

ယင်းဥပဒေသည် တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံရေးပြိုင်ဘက်များကို ဖယ်ရှားရန် ပစ်မှတ်ထားလေ့ရှိသည်ဟု ဝေဖန်သူများက ထောက်ပြကြောင်း သိရသည်။

Mon

# ဂျပန်နိုင်ငံတွင် ဆန်စျေးနှုန်းများ ယခုလအတွင်း စျေးကျ




**တိုကျို ဩဂုတ် ၂၂**

ဂျပန်နိုင်ငံတွင် ဆန်စျေးနှုန်းများ ဇူလိုင်လက ၉၀ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း ယခုလအတွင်း စျေးကျခဲ့သဖြင့် ဝန်ကြီးချုပ် ရှိဂေးရုအိရှိဘာ ဦးဆောင်သော အစိုးရအတွက် စိတ်သက်သာရာရစေခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံ၏ အဓိကငွေကြေးဖောင်းပွမှုနှုန်းသည် ဇွန်လတွင် ၃ ဒသမ ၃ ရာခိုင်နှုန်းမှ ၃ ဒသမ ၁ ရာခိုင်နှုန်းသို့ လျော့ကျလာကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ အချက်အလက်များက ဖော်ပြသည်။

သို့ရာတွင် အဆိုပါနှုန်းသည် ဂျပန်ဗဟိုဘဏ်၏ ၂ ရာခိုင်နှုန်း ပစ်မှတ်ထက် မြင့်နေဆဲဖြစ်ပြီး လာမည့်အောက်တိုဘာလတွင် အတိုးနှုန်းကို တိုးမြှင့်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

Mon

0-0-0-0-0

# STOP AIDS

# ကိုရီးယားရိုးရာဓလေ့အရ နွေရာသီကုန်ဆုံးပြီဖြစ်သော်လည်း အပူလှိုင်းသတိပေးချက်များ လာမည့်အပတ်အထိ ဆက်ရှိနေမည်

**ဆိုးလ် ဩဂုတ် ၂၂**

ဩဂုတ်လ ၂၃ ရက်နေ့သည် ကိုရီးယားရိုးရာဓလေ့အရ နွေရာသီကုန်ဆုံးခြင်းကို အချက်ပြသည့် "ချောဆော" ရာသီအမှတ်အသားဖြစ်သော်လည်း အလွန်ပူပြင်းသည့် အပူချိန်များ၊ အပူလှိုင်းသတိပေးချက်များနှင့် အပူပိုင်းညများမှာ လာမည့်ရက်သတ္တပတ်အထိ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တစ်နိုင်ငံလုံး၏ ခံစားရသော အပူချိန်သည် ၃၅ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်ခဲ့ရာမှ ကိုရီးယားနိုင်ငံ၏ တောင်တန်းဒေသများမှအပ ကျန်နေရာအများစုတွင် ကိုရီးယားမိုးလေဝသအုပ်ချုပ်မှုဌာနက ဩဂုတ်လ ၂၂ ရက်နေ့အထိ အပူလှိုင်းသတိပေးချက်များ ထုတ်ပြန်ထားသည်။

တောင်ကိုရီးယားနိုင်ငံတွင် အပူလှိုင်းသတိပေးချက်များနှင့် သတိပေးချက်များကို ခံစားရသော အပူချိန်အမြင့်ဆုံးသည် ဆက်တိုက် နှစ်ရက်(သို့မဟုတ်) ထိုထက်ပို၍ ၃၃ ဒီဂရီစင်တီဂရိတ်နှင့် ၃၅ ဒီဂရီစင်တီဂရိတ်အထက်တွင် ရှိနေမည်ဟု ခန့်မှန်းရသောအခါ ထုတ်ပြန်လေ့ရှိသည်။

မြောက်ပစိဖိတ် သာမန်ဖိအားမြင့်စနစ်၏ အစွန်းတစ်လျှောက် ပူပြင်း၍ စိုစွတ်သောလေများ နိုင်ငံထဲသို့ ဆက်လက်ဝင်ရောက်နေချိန်တွင် သာမန်ဖိအားမြင့်စနစ်သည် ကိုရီးယားကျွန်းဆွယ်အပေါ်တွင် ကျယ်ပြန့်လာခြင်းကြောင့် မကြာသေးမီက အပူရှိန်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

Mon

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် တစ်ရက်တည်း ငါးဦးသေဆုံး

**ဒါကာ ဩဂုတ် ၂၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဩဂုတ် ၂၁ ရက်က သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ငါးဦးရှိရာ ယခုနှစ်အတွင်း တစ်ရက်တည်းတွင် သေဆုံးသူ အမြင့်ဆုံးစံချိန်တင်ခဲ့ကြောင်း၊ ယင်းရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၀ ရှိလာကြောင်း နိုင်ငံ၏ ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ရုံး(ဒီဂျီအိတ်ချ် အက်စ်)က ပြောကြားသည်။

ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီအထိ လွန်ခဲ့သည့် ၂၄ နာရီအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူသစ် ၃၁၁ ဦးရှိပြီး ယခုနှစ်အတွင်း ခြင်ကြောင့်ကူးစက်ဖြစ်ပွားသည့် ရောဂါဖြစ်ပွားသူ အရေအတွက်စုစုပေါင်းမှာ ၂၇၇၈၂ ဦး ရှိပြီဖြစ်ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။


ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၂၀၂၄ ခုနှစ်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ တစ်သိန်းကျော်ရှိရာ ယင်းရောဂါကြောင့် သေဆုံးသူ ၅၇၅ ဦးရှိကြောင်း သိရသည်။ တောင်အာရှနိုင်ငံ ဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၇၀၅ဦး ရှိရာ နှစ်စဉ်သေဆုံးသူပေါင်း အများဆုံးဖြစ်ကြောင်း သိရသည်။



သွေးလွန်တုပ်ကွေးရောဂါသည် အေဒီးစ်ခြင် ကိုက်ခံရခြင်းမှ တစ်ဆင့် ကူးစက်သည့် ဗိုင်းရပ်စ် ရောဂါတစ်ခုဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဇွန်လမှ စက်တင်ဘာလအတွင်း မုတ်သုံရာသီသည် သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသည့် ရာသီဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ

# ချောင်းဦးမြို့နယ် မုံရွာ-စစ်ကိုင်းသွား ကားလမ်းမပေါ်၌ အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ယာဉ်မောင်းတစ်ဦးသေဆုံးပြီး ခရီးသွားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ



PDF အမည်ခံအကြမ်းဖက်သမားများ အကြောင်းမဲ့ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။


PDF အမည်ခံအကြမ်းဖက်သမားများ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့မှုအား တွေ့ရစဉ်။


PDF အမည်ခံအကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် ကျည်ခွံများ တွေ့မြင်ရစဉ်။

နေပြည်တော် ဩဂုတ် ၂၂

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်အတွက် အကြမ်းဖက်မှုလုပ်ရပ်များကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လျက်ရှိပြီး လမ်း၊ တံတားများ ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေထိုင်ရာရပ်ကွက် ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ Drop Bomb များဖြင့် နှောင့်ယှက်ပစ်ခတ် တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အေးချမ်းစွာသွားလာလျက်ရှိသည့် ကုန်တင်ကားများ၊ ခရီးသည်တင်ယာဉ်များနှင့် အရပ်သားယာဉ်များကိုလည်း နှောင့်ယှက်ပစ်ခတ် တိုက်ခိုက်ခြင်းများ၊ မိုင်းထောင် ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့တွင် မုံရွာမြို့မှ မန္တလေးမြို့ဘက်သို့ ထွက်ခွာလာသည့် ခရီးသည်တင် မော်တော်ယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် အရပ်သားပြည်သူတစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မုံရွာမြို့မှ မန္တလေးမြို့ဘက်သို့ ထွက်ခွာလာသော ယာဉ်မောင်း ဦးသန်းဌေးလင်း မောင်းနှင်ပြီး ယာဉ်နောက်လိုက်ဖြစ်သူ ဦးမြတ်စိုးသူနှင့် ခရီးသွားပြည်သူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ခြောက်ဦး စီးနင်းလိုက်ပါသည့် ရွှေမြန်မာ ယာဉ်လိုင်းမှ ခရီးသည်တင် မော်တော်ယာဉ်သည် ယနေ့နံနက် ၉ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာနှင့် ဂွေးပင်တောကျေးရွာအကြားသို့အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသဖြင့် ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများ၏ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ယာဉ်မောင်းဖြစ်သူ ဦးသန်းဌေးလင်းတွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများ ရရှိကာ မော်တော်ယာဉ်ပေါ်တွင် သေဆုံးလျက်ရှိသည်ကို တွေ့ရှိရပြီး ခရီးသွားပြည်သူ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိလျက်ရှိကြောင်း တွေ့ရှိရသဖြင့် အဆိုပါဒဏ်ရာရရှိသူအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ချောင်းဦးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသွားမော်တော်ယာဉ်အား ဆင်ခြင်တုံတရားမဲ့စွာ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေး လုပ်ငန်းစဉ်များအား တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်




PDF အမည်ခံအကြမ်းဖက်သမားများ အကြောင်းမဲ့ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်မှုကြောင့် လက်နက်ငယ်ကျည်ထိမှန်ခဲ့သည့် ခရီးသည်တင်မော်တော်ယာဉ်အား တွေ့ရစဉ်။


# လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်တွင် မွန်ပြည်နယ်၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့၊ ကွင်းအမှတ်(၆၀၈)၊ အကွက်အမှတ်(၅၃-B)စက်မှုဇုန်၌ မော်တော်ယာဉ် ရှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ရှစ်မျိုး၊ လူသုံးကုန်ပစ္စည်း ခုနစ်မျိုး၊ စားသောက်ကုန်ပစ္စည်း ခြောက်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး၊ Hino Truck တစ်စီး၊ Nissan Condor Truck တစ်စီး၊ Mitsubishi Fuso Tractor Head နှစ်စီး၊ Hino Profia Tractor Head နှစ်စီးနှင့် နောက်တွဲယာဉ် လေးတွဲကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ မုံရွာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Light Truck တစ်စီးကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံစစ်ဆေးရေးဂိတ်၌ ကျိန်စန်းကျော့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၅ မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Nissan Diesel Truck တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။







(ဓာတ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူ

**ညောင်ရွှေ ဩဂုတ် ၂၂**

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂နာရီခွဲတွင် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ စိုက်ပျိုးရေးကျေးရွာရှိ "KPZ" ကိုဖိုးဇော် ကားရေဆေးဆီလိုက်ဆိုင်၌ လိုင်စင်မဲ့မော်တော်ယာဉ်များ အရောင်းအဝယ်ပြုလုပ်နေကြောင်း သတင်းအရ ညောင်ရွှေမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဆိုင်ဝင်းအတွင်း၌ ဆိုင်ပိုင်ရှင်ဖြစ်သူ ကောင်းဝေယံမင်း(ခ)ဟိန်းတေဇဆိုသူ ပိုင်ဆိုင်သည့် မော်တော်ယာဉ်သုံးစီး၊ TOYOTA ALPHARD မော်တော်ယာဉ်နှင့် LEXUS မော်တော်ယာဉ်တို့အားလည်းကောင်း၊ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ စိုက်ပျိုးရေးကျေးရွာနေ တူးရယ်ဆိုသူ ပိုင်ဆိုင်သည့် HONDA AIRWAVE မော်တော်ယာဉ်အားလည်းကောင်း တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်များနှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကောင်းဝေယံမင်း(ခ)ဟိန်းတေဇ(၃၅)နှစ်နှင့် တူးရယ်(၃၃)နှစ်ဆိုသူတို့နှစ်ဦးအား ညောင်ရွှေမြို့မရဲစခန်း၌လည်းကောင်း ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*

# ဇန်းမော်ခရိုင်အတွင်းရှိ ဝန်ထမ်းများအတွက် မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းသင်တန်း ဖွင့်လှစ်



မြစ်ကြီးနား ဩဂုတ် ၂၂

ဇန်းမော်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မြစ်ကြီးနားမြို့ရှိ ပြည်နယ်ရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်လှစ်ပေးရာ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ စုပေါင်းရုံးမနောရွှေပြည်ခန်းမ၌ကျင်းပပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အမှာစကား ပြောကြားသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ယနေ့သင်တန်းတွင် မဲဆန္ဒရှင်ပြည်သူများ လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေးနှင့် မဲပေးစက်ကိုင်တွယ်မည့်သူများ စနစ်တကျကိုင်တွယ်နိုင်ရေး သိရှိနားလည်အောင် လေ့လာမှတ်သားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဇန်းမော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မြို့နယ်ရွေးကောက်ပွဲအရာရှိက မဲပေးစက်ဖွဲ့စည်းတည်ဆောက်ထားရှိမှု၊ ကိုင်တွယ်အသုံးပြုရမည့်အချက်အလက်များ၊ မဲပေးစက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများ၊ လုံခြုံစိတ်ချရမှုအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းသင်တန်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ပြီး မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

ပြည်နယ်(ပြန်/ဆက်)

---

◆ စာမျက်နှာ ၂၄ မှ

နေအိမ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် PORTER II မော်တော်ယာဉ်၊ ISUZU MAX မော်တော်ယာဉ်တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ဆေး ဖော်ထုတ်ချက်အရ ဩဂုတ် ၁၀ ရက် ညနေ ၅ နာရီခွဲတွင် စိတ်ပြောင်းဆေးဝါးများအား မလေးရှားရေပိုင်နက်နှင့် ရခိုင်ပြည်နယ်တို့သို့ တာဝန်ခံသယ်ဆောင်ပေးသူ ကျော်စွာဝင်း(ကွမ်းခြံကုန်း)နှင့် ပူးပေါင်းပါဝင်သူ စိုးပိုင်ဝင်းတို့ကို ထားဝယ်မြို့တွင် TOYOTA SUCCEED မော်တော်ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဩဂုတ် ၁၁ ရက် နံနက် ၂ နာရီခွဲတွင် စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ညီညီစိုးခန့်ကို ကွမ်းခြံကုန်းမြို့နယ် ဝက်ကိုက်ကျေးရွာအုပ်စု အောင်ဇေယျကျေးရွာရှိ နေအိမ်တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ကွမ်းခြံကုန်းမြို့နယ် အောင်ဇေယျကျေးရွာရှိ ပုစွန်ကန်အနီးတွင် မလေးရှားရေပိုင်နက်သို့ ပို့ဆောင်ရန်အတွက် ကျော်စွာဝင်း (ကွမ်းခြံကုန်း)မှ သိုဝှက်ထားရှိသည့် စိတ်ပြောင်းဆေးဝါး ကက်တမင်း ၁၈၉၉ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၉၄ ဒသမ ၉၅ ဘီလီယံ) ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း။

ဩဂုတ် ၁၃ ရက်တွင် ကျော်စွာဝင်း (ကွမ်းခြံကုန်း)မှ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် အသုံးပြုရန်စီစဉ်ထားသည့် "အောင်စိုးလင်း" အမည်ပါ စက်လှေအား ထိန်းသိမ်းထားသူ ကျော်စိုးခိုင်နှင့်အတူ မြိတ်မြို့ မြိတ်မြို့တောင်ကျေးရွာ နန်းသူဇာတံတားအနီးတွင် လည်းကောင်း၊ ကံကောင်း (ဖမ်းဆီးရန်ကျန်) မှ ဝယ်ယူပေးထားသည့် **"ငွေကသစ်"** နှင့် **"ဆုမြတ်နိုင်"** အမည်ပါ စက်လှေနှစ်စင်းနှင့် ငါးဖမ်းစက်လှေတစ်စင်းတို့အား ဒေးဒရဲမြို့ နိဗ္ဗာန်ကွင်းရပ်ကွက် တိုးမြစ်ကမ်းဘေးရှိ လွန်းကျင်း၌လည်းကောင်း၊ "အောင်မြတ်ပိုင်" အမည်ပါ စက်လှေနှင့် ပဲ့ထောင်စက်လှေတစ်စင်းတို့အား ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာ၌ လည်းကောင်း အသီးသီး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီခွဲတွင် ကျော်စွာဝင်း(ကွမ်းခြံကုန်း)၏ ဖော်ထုတ်ချက်အရ မလေးရှားရေပိုင်နက်သို့ သယ်ဆောင်မည့် အိုက်စ်(မက်သ်အဖက်တမင်း) များအား ကွမ်းခြံကုန်းမြို့နယ် အောင်ဇေယျကျေးရွာ၊ လက်ခုပ်ကုန်း ကျေးရွာနှင့် လက်ခုပ်ကုန်း-ဆယ်အိမ်ကုန်းရွာ သွားလမ်းတို့တွင် နေရာသုံးခုခွဲ၍ မြေမြှုပ်သိုဝှက်ထားကြောင်း သိရှိရသဖြင့် ၎င်းနှင့်အတူ မြေမြှုပ်သိုဝှက်ထားရာတွင် ပူးပေါင်းပါဝင်ခဲ့သည့် ကွမ်းခြံကုန်းမြို့နယ် ဝက်ကိုက်ကျေးရွာနေ အောင်ကျော်(ခ)အောင်ကျော်စိုး၊ ရာကျော်(ခ)ကိုရှိုင်းနှင့် ကျော်စိန်အောင်(ခ)ကျော်ကြီး တို့အား ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့လိုက်လံပြသသည့်နေရာများမှ အိုက်စ်(မက်သ်အဖက်တမင်း) ၅၆၁၄ ဒသမ ၂ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁၄၀ ဒသမ ၃၅၅ ဘီလီယံ)ကို ထပ်မံသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဩဂုတ် ၁၅ ရက် ည ၁၁ နာရီခွဲတွင် မလေးရှားရေပိုင်နက်သို့တင်ပို့မည့် အိုက်စ်(မက်သ်အဖက်တမင်း)များကို ကျော်စွာဝင်း (ကွမ်းခြံကုန်း)ထံ အပ်နှံထားခဲ့သူ မင်းချစ်အောင်အား ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ၁၈ ရပ်ကွက်ရှိ နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် စိတ်ပြောင်းဆေးဝါး ကက်တမင်းတို့အား ရန်ကုန်တွင် သိုလှောင်စေပြီး ရခိုင်ပြည်နယ်နှင့် ပြည်ပသို့ သယ်ဆောင် ရောင်းဝယ်ရာတွင် အဓိကစီမံခန့်ခွဲသူမှာ ကျေးသီးမြို့နယ် ဝမ်ဟိုင်းကျေးရွာနေ စိုင်းစု(ဖမ်းဆီးရန်ကျန်) ဖြစ်ပြီး ၎င်း၏အစီအမံဖြင့် လှသောင်း (ဖမ်းဆီးရန်ကျန်) နှင့် စိုင်းရီ



တရားခံ ကျော်စွာဝင်း(ကွမ်းခြံကုန်း)၊ ရာကျော်(ခ)ကိုရှိုင်း၊ အောင်ကျော်(ခ)အောင်ကျော်စိုး၊ ကျော်စိန်အောင်(ခ)ကျော်ကြီး၊ မင်းချစ်အောင် တို့အား ဖမ်းဆီးရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း) ၅၆၁၄ ဒသမ ၂ ကီလိုနှင့်အတူ တွေ့ရစဉ်။

(ဖမ်းဆီးရန်ကျန်)တို့က စိတ်ကြွရူးသွပ်ဆေးပြားများအား ရန်ကုန်မြို့တွင် ခေတ္တသိုလှောင်ပြီး ရခိုင်ပြည်နယ်မှတစ်ဆင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့ သယ်ဆောင်ရန် တာဝန်ခံဆောင်ရွက်သူမှာ ထွန်းသိန်းဖြစ်ကြောင်း၊ ရန်ကုန်မှ ရခိုင်ပြည်နယ် မြေပုံမြို့သို့ တာဝန်ခံသယ်ဆောင်သူမှာ ဝင်းဇော်သိန်း (ဖမ်းဆီးရန်ကျန်) ဖြစ်ပြီး ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ် နယ်စပ်သို့ သယ်ဆောင်သူမှာ ဝင်းခိုင် (ဖမ်းဆီးရန်ကျန်) ဖြစ်ကြောင်း သိရှိရပြီး ရခိုင်ပြည်နယ် မြေပုံမြို့ရှိ ဝင်းခိုင်ထံသို့ စိတ်ကြွ ရူးသွပ်ဆေးပြားများ ရောက်ရှိပါက AA အကြမ်းဖက်**သောင်းကျန်းသူအဖွဲ့မှ ၎င်းတို့အဆင့် ဗိုလ်မှူးအဆင့်ရှိ ကိုရေး (အကောက်ခွန်မှူး) (ဖမ်းဆီးရန်ကျန်) ထံ ရခိုင်ပြည်နယ်သို့ ဖြတ်သန်းခအဖြစ် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ လျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် အခွန်ပေးဆောင်ရသည်**ဟု သိရှိရကြောင်း။

ရန်ကုန်မြို့မှတစ်ဆင့် မလေးရှားရေပိုင်နက်သို့ ပင်လယ်ရေကြောင်းဖြင့်တင်ပို့မည့် သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား ပို့ဆောင်ခိုင်းသူမှာ **လားရှိုးမြို့နေ ကံကောင်း (ဖမ်းဆီးရန်ကျန်)**ဖြစ်ပြီး ၎င်း၏စေခိုင်းချက်အရ မင်းချစ်အောင်မှ ကျော်စွာဝင်း(ကွမ်းခြံကုန်း)ထံ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း)များကို သုံးကြိမ်ခွဲ၍ အပ်နှံခဲ့ကြောင်း၊ ထို့အပြင် ကျော်စွာဝင်း(ကွမ်းခြံကုန်း)သည် ကြည်ဖြူ(ခ)ကျော်ဝင်းဌေး၏ အစီအမံဖြင့် မလေးရှားရေပိုင်နက်သို့ မူးယစ်ဆေးဝါးများအား ကံကောင်း (ဖမ်းဆီးရန်ကျန်) ဝယ်ယူပေးထားသည့် စက်လှေများဖြင့် ပဲ့နင်းချစ်ကို(ဖမ်းဆီးရန်ကျန်)နှင့် ကိုလတ်(ဖမ်းဆီးရန်ကျန်) တို့က ရန်ကုန်မှ ပင်လယ်ဝသို့ သုံးကြိမ်၊ **ကော့သောင်းမှ မလက္ကာရေလက်ကြားသို့** လေးကြိမ် ပို့ဆောင်ခဲ့ကြောင်း၊ ကြည်ဖြူ (ခ) ကျော်ဝင်းဌေးမှာလည်း ကော့သောင်းမြို့တွင် အိုက်စ် (မက်သ်အဖက်တမင်း) ၁ ဒသမ ၂၉ တန်၊ ကက်တမင်း ၁ ဒသမ ၈၇ တန်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ သိန်း ဖမ်းဆီးရမိမှုတို့ဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ချမှတ်ခံထားရသူဖြစ်ကြောင်း။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိတရားခံ ၁၃ ဦး၊ ဖမ်းဆီးရန်ကျန်တရားခံ ကိုးဦးတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက် ရှိကြောင်းနှင့် ယင်းမူးယစ် မှောင်ခိုဂိုဏ်းအဖွဲ့သည် စိတ်ပြောင်းဆေးဝါးများကို ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်နှင့် မလေးရှားရေပိုင်နက်တို့သို့ ကုန်းလမ်းနှင့် ပင်လယ်ရေကြောင်းတို့အား အသုံးပြု၍ သယ်ဆောင်ရောင်းဝယ်မှု အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်ရရှိသဖြင့် ထိရောက်စွာအရေးယူနိုင်ရေးနှင့် ၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရန်ကုန်မှ မလေးရှားရေပိုင်နက်သို့ အိုက်စ်နှင့် ကက်တမင်းများ ပို့ဆောင်ခြင်း



မလေးရှား ရေပိုင်နက်သို့ အိုက်စ်နှင့် ကက်တမင်းများအား တာဝန်ခံပို့ဆောင်သူ

ကျော်စွာဝင်း(ကွမ်းခြံကုန်း)





သစ်သားကိုယ်ထည်စက်လှေ



သစ်သားခွံ စက်လှေ









ပဲ့ထောင်



"အောင်စိုးလင်း"အမည်ပါ စက်လှေ



# မိုးနှမ်းသီးနှံ (၂၆)ဧကစိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်းစားသုံးဆီဖူလုံရေး ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပန်းခွာကျေးရွာတွင် မိုးနှမ်းသီးနှံ ၂၆ ဧက စိုက်ပျိုးထားရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပန်းခွာကျေးရွာသည် တိုက်နယ်(၁)အုပ်စုတွင် ပါဝင်ပြီး မိုးနှမ်းသီးနှံများ စိုက်ပျိုးရာ၌ စမာမြောင်းရေကို အဓိကထားပြီး အထွက်နှုန်းကောင်းမွန်ရေး ဒေသနှင့်ကိုက်ညီသည့် နှမ်းမျိုးများကို ရွေးချယ်ကာ တန်းဆွဲစနစ်၊ ပေါင်ကြီးတင်စနစ်များဖြင့်စိုက်ပျိုးကြကြောင်း၊ အဆိုပါစိုက်နည်းစနစ်များသည် လေဝင်လေထွက်ကောင်းမွန်ပြီး ပေါင်းမြက်ရှင်းလင်းခြင်းနှင့် ရေသွင်းရေထုတ်ပြုလုပ်ခြင်း၊ သွင်းအားစုများထည့်သွင်းခြင်း ပြုလုပ်ရာတွင် အဆင်ပြေကောင်းမွန်သည့်အတွက် အပင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်သည်။

တိုက်နယ်(၁)အုပ်စုတွင် ကျေးရွာအုပ်စု (၇)စုပါဝင်ပြီး ပန်းခွာကျေးရွာအပြင် ကျီးပြကျေးရွာအုပ်စု၌ ၆၉ ဧက၊ သင်ပျို့ကျေးရွာအုပ်စု၌ ၁၀၇ ဧက၊ ကျီးအိပ်ကျေးရွာအုပ်စု၌ ၁၃၅ ဧက၊ ဒွေးလှကျေးရွာအုပ်စု၌ ၃၅ဧက၊ ငါးဆူကျေးရွာအုပ်စု၌ ၁၄၀ဧက၊ ရှားပင်ကျေးရွာအုပ်စု၌ ၁၀၃ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၄၈၅)**



# အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး ဩဂုတ် ၂၂**

အနာဂတ်ကာလတွင် မျိုးဆက်သစ်ကျောင်းသားလူငယ်များ ဉာဏ်ရည်မြင့်မားစေရန်နှင့် အသိပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်း အခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၉နာရီခွဲတွင် အမှတ်(၁၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ် မြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါကျော်မှ "ကျောင်းသား၊ ကျောင်းသူများအား စိတ်ဓာတ်မြင့်မားစေရန်နှင့်စည်းကမ်းရှိစေရန်အတွက် ရှေးဦးစွာပြောကြားခဲ့ပြီး ကျောင်းသားလူငယ်များ ပညာရေးကို ထူးချွန်စေရန်အတွက် ကြိုးစားအားထုတ်ကြဖို့" အဖွင့်အမှာစကားအနေဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်မှ လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူငါးဦးတို့နှင့်အတူ လူငယ်စကားဝိုင်း အခမ်းအနားကို စတင်ခဲ့ကြရာ မောင်ဝေဖြိုးအောင်က "လူငယ်နှင့်ဗလငါးတန်"၊ မခင်စုစုစံက "လူငယ်နှင့်အားလပ်ချိန်"၊ မောင်အောင်မင်းခန့်က "လူငယ်နှင့် စာဖတ်ခြင်း"၊ မဇင်မျိုးမြတ်သူက "လူငယ်နှင့် မူးယစ်ဆေး"၊ မသွန်းရတီဇော်က "လူငယ်နှင့်ကျန်းမာရေး" စသော ခေါင်းစဉ်ငါးမျိုးဖြင့် ဆွေးနွေးပြောကြားခဲ့ကြသည်။ အဆိုပါ ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူလေးများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဦးထွန်းထွန်းနိုင်က ပြန်လည်ဖြေကြားခဲ့ပြီး အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိအောင်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

လူငယ်စကားဝိုင်းသို့ ချမ်းအေးသာစံမြို့နယ် မြို့နယ်ပညာရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်နှင့်ဝန်ထမ်းများ၊ အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိအောင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသားလူငယ်များ စာအုပ်စာပေများ ရင်းနှီးကျွမ်းဝင်စေရန်နှင့် အသိပညာဗဟုသုတများ ပြည့်ဝစေရန်အတွက် သုတ၊ ရသစာအုပ်များကို ခင်းကျင်းပြသခဲ့ပြီး လူငယ်များ၏ ပညာရေးကိုထိခိုက်စေသည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ နံရံကပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

# အခြေခံပညာအထက်တန်းကျောင်းခွဲ(ကန်သာ)တွင် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲ ကျင်းပ

**မကွေး ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး၊မကွေးခရိုင်၊ မကွေးမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကို အခြေခံပညာအ·ထ·က ခွဲ(ကန်သာ)ကျောင်းတွင် ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထို့နောက် မကွေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က ကျောင်းသား၊ကျောင်းသူလူငယ်များ ကျောင်းအားလပ်ချိန်တွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိနိုင်မည့် စာပေများကို လေ့လာဖတ်ရှုတတ်စေရန်၊ စာတတ်သူတိုင်း စာဖတ်ကြစေရန်၊ လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ "လူငယ်နှင့်စာပေ" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီးနောက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများအဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်စာစောင်များကို ကျောင်းသားလူငယ်များမှ စိတ်ပါဝင်စားစွာဖြင့် လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**

# အာဟာရရက်သတ္တပတ်လှုပ်ရှားမှု ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပ

**ရေဦး ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရပြည့်ဝစွာ စားသောက်တတ်စေရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့သည်။

ကျန်းမာရေးအသိပညာပေး ဟောပြောပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မျိုးမျိုးထိုက်နှင့် ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင် မိခင်များ ကိုယ်ဝန်ဆောင်ကာလ သုံးလပြည့်လျှင် ကိုယ်ဝန်အပ်သင့်ကြောင်း၊ ကိုယ်ဝန်ဆောင်စဉ် ပြောင်းလဲမှုဖြစ်စဉ်များ၊ မပြုလုပ်သင့်သောအန္တရာယ်များသည့် ကိုယ်ဝန်ဖျက်ချခြင်းနှင့် ဆောင်ရန်၊ ရှောင်ရန်အကြောင်းအရာများကို အသိပညာပေးပြောကြားခဲ့ကြသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် သားဖွားဆရာမများက ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြစ်စေမည့် ငှက်ပျောသီးနှင့် ကြက်ဥများ ပေးဝေခဲ့ကြကြောင်း သိရသည်။

**(ယာပုံ) မြို့နယ်(ပြန်/ဆက်)**



# လူထုအခြေပြုပဟုဌာန (Community Centre)ခန်းမ၌ အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပ

**တာလေ ဩဂုတ် ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်၊ တာလေမြို့တွင် ကျောင်းသားလူငယ်များအား အသိပညာဗဟုသုတတိုးပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်များ ပြသခြင်းဆောင်ရွက်မှုကို ယမန်နေ့ မွန်းလွဲပိုင်းက တာလေမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာလေမြို့ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်သီတာအေးက အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်၍ ကျောင်းသားလူငယ်များအား အသိပညာပေးဟောပြောခဲ့သည်။ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာလေမြို့ရုံးမှ ဝန်ထမ်းများက ကျောင်းသားလူငယ်များအား စာအုပ်၊ စာစောင်များခင်းကျင်းပြသခြင်းနှင့် အသိပညာပညာပေး နံရံကပ်စာစောင်များ ပြသပေးခဲ့ရာ စိတ်ဝင်တစားဖြင့် လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**





# နိုင်ငံ့ဝန်ထမ်း အငြိမ်းစားပင်စင်စားများအား UID (ခေါ်) Smart Card များ ကွင်းဆင်းဆောင်ရွက် ပြုလုပ်ပေး

ဆင်ပေါင်ဝဲ ဩဂုတ် ၂၂

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားပင်စင်စားများအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက UID (ခေါ်) Smart Card များအား ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီက မြန်မာ့စီးပွားရေးဘဏ်တွင် ဆက်လက်ပြုလုပ်ပေးလျက်ရှိသည်။

အဆိုပါ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစောလှမောင် လမ်းညွှန်မှုဖြင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစား မိဘပြည်သူများ၏ Biometric အချက်အလက်များ စိစစ်ကောက်ယူခြင်း၊ မျက်လုံး Scan ဖတ်ခြင်း၊ လက်ဗွေ Scan ဖတ်ခြင်းလိုအပ်သည့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းခြင်းတို့ပြုလုပ်ကာ UID (ခေါ်) Smart Card များ အလွယ်တကူရရှိနိုင်ရေး လစဉ်ပင်စင်လာရောက်ထုတ်ရက်များဖြစ်သည့် ဩဂုတ် ၂၁ရက်မှ ၂၅ ရက်အထိ လစဉ်လတိုင်း ကွင်းဆင်းဆောင်ရွက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး အခြေခံစာကြည့်တိုက်ပညာများ ဆက်လက်သင်ကြား

ကျောက်ဆည် ဩဂုတ် ၂၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက အခြေခံစာကြည့်တိုက်ပညာများ ဆက်လက်သင်ကြားပေးလျက်ရှိသည်။ (အပေါ်ယာပုံ)



သင်တန်းသို့ ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းစာကြည့်တိုက်တာဝန်ခံဆရာ၊ ဆရာမ ၂၂ ဦး တက်ရောက်ခဲ့ပြီး ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးနှင့် ဦးစီးအရာရှိတို့က စာကြည့်တိုက်အဓိပ္ပာယ်၊ စာကြည့်တိုက်ပညာနှင့် ထူးခြားသည့် ဝိသေသများ၊ စာကြည့်တိုက်အမျိုးအစားများအကြောင်း၊ စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး၊ စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ မှတ်သားမှုစနစ်၊ ထားသိုမှုစနစ်၊ စာငှားလုပ်ငန်း၊ စာကြည့်တိုက်ပုံမှန်စစ်ဆေးခြင်း၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းမြှင့်တင်ရေး ဆောက်ရွက်သွားရမည့်လုပ်ငန်းစဉ်များ၊ စာကြည့်တိုက်အောင်မြင်ရေး ပြုပြင်ဆောင်ရွက်ရန် အချက်များအား စာတွေ့၊ လက်တွေ့ သင်ကြားပေးလျက်ရှိသည်။

အခြေခံစာကြည့်တိုက်ပညာများ တက်ရောက်သင်ကြားခြင်းဖြင့် ကျောင်းစာကြည့်တိုက်များတွင် တာဝန်ယူဆောင်ရွက်နေရသည့် ဆရာ၊ ဆရာမများအတွက် စာကြည့်တိုက်နှင့်ပတ်သတ်သည့် အကြောင်းအရာများကို ယခင်ကထက်ပို၍ ပြည့်ပြည့်စုံစုံသိရှိရပြီး၊ ကျောင်းစာကြည့်တိုက်များ၏ လိုအပ်နေမှုအပိုင်းများနှင့် စာပေ၏ အကျိုးကျေးဇူးများအကြောင်း ပိုမိုသိရှိလာပြီး ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်သွားရမည့် အကြောင်းများရရှိကြောင်း မှိုင်းယန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ သင်တန်းသား ဦးချမ်းမြေ့အောင်မှ ပြောပြသည်။

(၄၈၅)

# ကလေးစာဖတ်ခန်း၌ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

မိုင်းဆတ် ဩဂုတ် ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ ဩဂုတ် ၂၁ ရက် နေ့လယ်ပိုင်းက ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပခဲ့သည်။ (အောက်ဝဲပုံ)



ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲ ကျင်းပရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရရှိကာ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ ရှာမှီးရရှိစေရန်နှင့် ပါဝင်ယှဉ်ပြိုင်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မိုးစပါး စိုက်ပျိုးဧက လျာထားချက်အတိုင်း စိုက်ပျိုးပြီးစီးတော့မည်

တန့်ယန်း ဩဂုတ် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ရာသီအလိုက် စိုက်ပျိုးသီးနှံများကို စိုက်ပျိုးနေရာ အဓိကစိုက်ပျိုးသီးနှံတစ်မျိုးဖြစ်သည့် မိုးစပါး စိုက်ပျိုးဧက ၄၁၅၁၀ ဧက ရှိ၍ လျာထားချက်ပြည့်မီစွာဖြင့် စိုက်ပျိုးပြီးစီးတော့မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူအများစုမှာ တောင်သူများဖြစ်ကြ၍ လယ်ယာခြံမြေများကို အားထားစိုက်ပျိုးနေကြရာတွင် အဓိကစိုက်ပျိုးသီးနှံတစ်မျိုးဖြစ်သည့် မိုးစပါးအား ယခုနှစ်တွင် တောင်ယာ၊ ယာ၊ လယ်ယာမြေတို့တွင် စုစုပေါင်းစိုက်ပျိုးဧက ၄၁၅၁၀ ဧက ရှိ၍ လျာထားချက် ပြည့်မီစွာဖြင့် စိုက်ပျိုးပြီးစီးတော့မည်ဖြစ်သည်။

တောင်သူများ၏ လယ်ယာမြေများတွင် လျာထားချက် ပြည့်မီစွာဖြင့် စိုက်ပျိုးနိုင်စေရေးအတွက်နှင့် သီးနှံအထွက်နှုန်းကောင်းမွန်စေရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အမြဲမပြတ်ကွင်းဆင်းကြီးကြပ်၍ စိုက်ပျိုးရေးနည်းစနစ်များနှင့် လိုအပ်သည့် အကူအညီများအား ဆောင်ရွက်ပေးနေကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)





# တစ်နိုင်တစ်ပိုင်အာလူးကြော်လုပ်ငန်းဖြင့် မိသားစုဝင်ငွေ တိုးပွားလျက်ရှိ

မြစ်သား ဩဂုတ် ၂၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျန်တောကျေးရွာ၌ တစ်နိုင်တစ်ပိုင်အာလူးကြော်လုပ်ငန်းဖြင့် မိသားစုဝင်ငွေများ တိုးပွားလျက်ရှိသည်။

အာလူးကြော်ပြုလုပ်ရန်အတွက်အဆင့်ဆင့်မှာ ရွှေဝါရောင်အာလူးများကို ဈေးကွက်အတွင်းမှ ရွေးချယ်ဝယ်ယူရကြောင်း အာလူးသီးများကို သန့်စင်အောင် ရေဖြင့်ဆေးကြောပြီး မိနစ်အနည်းငယ်ရေစိမ်ပေးထားရသည်။ ထို့နောက် ရေစိမ်ထားပြီးသော အာလူးသီးများကို အခွံခွာ၍ ညီညာအောင်စက်ဖြင့် ပါးပါးလေးလှီးဖြတ်ပေးရကြောင်း၊ အာလူးများကို ရေသန့်စင်အောင် ဆေးကြောပြီး ရေစစ်ပေးထားကာ ခဏအကြာတွင် ပဲဆီသန့်သန့်အသင့်တည်ပေးထားသော ဒယ်အိုးထဲတွင် အာလူးပါးပါးများကို ကြော်ပေးရကြောင်း၊ အာလူးကြော်များတွင် ပါဝင်သည့် ဆား၊ ဟင်းခတ်မှုန့် အနည်းငယ်ထည့်ပေးပြီး အာလူးအစပ်ကြော်နှင့် အာလူးအချိုကြော် နှစ်မျိုးနှစ်စားရှိရာ တစ်နေ့လျှင် အာလူးသီး ပိဿာ ၆၀ ကုန်ကြောင်း သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ ရပ်ကွက်ကြီးများနှင့် ကျေးရွာများတွင် အာလူးကြော်များကို ဖောက်သည်အဖြစ် လိုက်လံရောင်းချလျက်ရှိရာ တစ်ထုပ်လျှင် ငွေကျပ် ၂၀၀၊ ၁၀ ထုပ်ပါတစ်တွဲ ငွေကျပ် ၁၈၀၀ ဖြစ်ပြီး တစ်ထုပ်လျှင် ငွေကျပ် ၅၀၀၊ ၁၀ ထုပ်ပါတစ်တွဲလျှင် ငွေကျပ် ၄၇၀၀၊ တစ်ထုပ်လျှင် ငွေကျပ် ၁၀၀၀၊ ၁၀ ထုပ် ပါတစ်တွဲလျှင် ငွေကျပ် ၉၃၀၀၊ တစ်ထုပ်လျှင် ငွေကျပ် ၁၅၀၀၊ ၁၀ထုပ်ပါတစ်တွဲလျှင် ငွေကျပ် ၁၄၀၀၀ဖြင့် ဖောက်သည်သွင်းရ၍ ယခုနှစ်တွင် အာလူးကြော်လုပ်ငန်းကို ပိုမိုတွင်ကျယ်စွာ တစ်နိုင်တစ်ပိုင်မိသားစု ဝင်ငွေများတိုးပွားအောင် လုပ်ကိုင်လျက်ရှိကြောင်း ကျန်တောကျေးရွာနေ အာလူးကြော်လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝါဝါထံမှ သိရသည်။ (အပေါ်ပုံ)

ဝင်းမင်းထွန်း(ပြန်/ဆက်)


**အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်**

- မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် ၃၀မိုင်(၄၈)ကီလိုမီတာထက်ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် ၅၀မိုင်(၈၀)ကီလိုမီတာထက်ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

# ငလျင်လှုပ်ရှားခြင်းအပေါ် သိပ္ပံအမြင်နှင့် လူမျိုးနွယ်စုများ၏ ရှေးဟောင်းအယူအဆများ

ကမ္ဘာမြေကို အမှီပြုနေထိုင်ကြသည့် လူသားအမျိုးနွယ်စုတို့သည် ရိုးရာယုံကြည်မှုနှင့် အယူအဆအသီးသီး ရှိကြသည်။ ထိုအယူအဆများက လူမျိုးစုနှင့် ကိုးကွယ်သည့်ဘာသာအလိုက် ကွဲပြားခြားနားပြီး သိပ္ပံပညာအယူအဆနှင့် နှိုင်းယှဉ်တွေးဆလျှင် ဆန့်ကျင်ဘက်တွင်ရှိသည်က များပြားသည်။ အချို့မှာ ဒဏ္ဍာရီဆန်သည်။ အချို့မှာ ကိုးကွယ်မှု၊ ယုံကြည်မှုနှင့် ယှဉ်တွဲနေသည်ကို တွေ့ရသည်။ ဆိုလိုသည်မှာ ငလျင်လှုပ်ခြင်းနှင့် ပတ်သက်ပြီး ကမ္ဘာပေါ်ရှိ လူမျိုးစုတို့၏ အယူအဆမှာ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းတွေ့ရသည်။

ကမ္ဘာမြေနှင့်သက်ဆိုင်သော တစ်ခုရှိ သေးသည်။ မြေငလျင်လှုပ်ခြင်း ဖြစ်သည်။ မြေငလျင်လှုပ်ခြင်းသည်လည်း ကမ္ဘာ့နိုင်ငံအသီးသီးက လူမျိုးစုများ၏ ရိုးရာအယူအဆများရှိပြီး ကိုးကွယ်ယုံကြည်မှုနှင့် သက်ဆိုင်နေသည်ကို တွေ့ရသည်။

## ကမ္ဘာမြေလှုပ်ရှားခြင်းနှင့် သိပ္ပံအမြင်

ကမ္ဘာကြီးသည် တည်ငြိမ်နေသည့် ဂြိုဟ်တစ်ခုမဟုတ်။ ကမ္ဘာ့ကျောက်လွှာကြီးများ (Tectonic Plate)များထဲက အလွန်ကြီးမားသော ကျောက်ချပ်ကြီးများ အဆက်မပြတ် ဖြည်းဖြည်းချင်း ရွေ့လျားနေကြသည်။ ထိုကျောက်ချပ်ကြီးများ လှုပ်ရှားရွေ့လျားခဲ့ရာက မြေငလျင် ဖြစ်ပေါ်လာသည်။အဆိုပါလှုပ်ရှားမှုက ကျောက်တွေကို ဖိညှစ်ခြင်း၊ ကွေးစေခြင်း၊ ဆန့်ထွက်စေခြင်း စသည့် အရှိန်အဟုန်ကြီးမားသည့် ဖိအားက ကျောက်ဆောင်များကို ကွဲအက်သွားစေသည်။ ကျောက်ချပ်ကြီးများ၏ အလေးချိန်ခွင်ညှာကို တစ်ဖက်သို့ ရွေ့ပြောင်းသွားစေပြီး ကျောက်ချပ်များ ရွေ့လျားသည့် မြေအောက်အလွှာပိုင်းကို ဆုံချက်(Focus) ဟုခေါ်သည်။ ငလျင်ဗဟိုချက်ဆိုသည်မှာ ထိုဆုံချက်အပေါ်တည့်တည့်မှ ကမ္ဘာ့အပေါ်ယံမြေလွှာမှာရှိသည့် နေရာဖြစ်သည်။ ထိုလှုပ်ရှားမှုများက ကမ္ဘာ့အပေါ်ယံကျောက်လွှာမှ အက်ကြောင်းကြီးများ (Fault) များ ဖြစ်စေသည်။

မြေငလျင်အများစုသည် အဆိုပါအက်ကြောင်းတစ်လျှောက်တွင် ဖြစ်ပေါ်သည်။ အတိုင်းအတာကြီးမားသည့် မြေငလျင်ကြီးတစ်ခုဖြစ်ပေါ်အပြီးမှာ တစ်စပ်တည်းဖြစ်ပေါ်လာသည့် ထိန်းညှိမှုများမှာ After shocks ဟုခေါ်သော နောက်ဆက်တွဲ ငလျင်ငယ်များဖြစ်ပေါ်စေသည်။ After shocks ဟုခေါ်သည့် ငလျင်ငယ်များမှာ ပင်မငလျင်ထက် အားပျော့သည်။ ငလျင်လှုပ်ခတ်ခဲ့သည့် နေရာအထိုင်မကျမခြင်း လပေါင်းများစွာကြာအောင် နောက်ဆက်တွဲငလျင်တွေ ဖြစ်နေတတ်သည်။

လှုပ်ရှားမှုများ အင်အားမှာ အရပ်မျက်နှာအသီးသီးသို့ ပျံ့နှံ့ကူးစက်ပြီး မြေပြင်ပေါ်တွင် လှုပ်ရှားမှုများ ဖြစ်ပေါ်စေသည်။ ရေကန်ထဲသို့ ခဲတစ်လုံးချလိုက်သည့်အခါ လှိုင်းများက အလယ်မှ အပြင်သို့ ပြန့်ထွက်သွားသကဲ့သို့ ဖြစ်သည်။ လှိုင်းများ၏ ပြင်းအားသည် ဆုံချက်ဖြစ်တည်မှုအနက်ပေါ်မူတည်၍ မြေကြီးအောက် ကီလိုမီတာ ၂၀၀ ခန့်ထိ ရှိနိုင်သည်။ ကျောက်ဆောင်များ၏



ရွေ့လျားမှုသည် ပတ်ဝန်းကျင်ရှိ ကျောက်များ၏ အင်အားပေါ် မူတည်သည်။

မြေငလျင်အများစုမှာ ကမ္ဘာ့အပေါ်ယံမြေလွှာကနေ မြေအောက်မိုင် ၅၀ ခန့်အနက်ထိ ဖြစ်ပေါ်လေ့ရှိတယ်။ ကျောက်များ၏ရွေ့လျားမှုကြောင့် ဖြစ်ပေါ်လာသည့်လှိုင်းများကို ငလျင်လှိုင်း Seismic waves ဟု ခေါ်သည်။ ငလျင်လှိုင်းမှာ အပေါ်ယံမျက်နှာပြင် (Surface) နှင့် ကိုယ်ထည် (Body)ဟူ၍ (၂)ပိုင်းရှိသည်။ အပေါ်ယံ မျက်နှာပြင်လှိုင်းများက အထက်အောက်(သို့မဟုတ်)ဘေးတိုက်ရွေ့လျားပြီး အဆောက်အအုံများ၏ အခြေခံအုတ်မြစ်များကို အကြီးအကျယ်ပျက်စီးစေသည်။ ကိုယ်ထည်လှုပ်ရှားမှုမှာ ကမ္ဘာမြေကြီး၏ကျောက်လွှာတစ်ချပ်မှ ရွေ့လျားသည်။ ငလျင်လှိုင်းကို အခြေခံလှိုင်း (Primary wave) နှင့် ဒုတိယလှိုင်း (Secondary wave) ဟု ခွဲခြားထားသည်။ အခြေခံလှိုင်းက ဒုတိယလှိုင်းထက် ခရီးဝေးဝေး သွားနိုင်သည်။ တွန်းဆွဲ Push-Pull ပုံစံဖြင့် လှုပ်ရှားသည်။ Push-Pull လှိုင်းများက ကမ္ဘာမြေကြီး၏ ဗဟိုချက်အရည်လွှာ (Earth's Liquid Core)ထိ ခရီးရောက်၍ Secondary wave သည် ကျောက်လွှာများအတွင်း ခရီးရောက် လှုပ်ရှားသည်။ Secondary wave နှင့် Primary wave ငလျင်လှိုင်းများကို ကမ္ဘာ့ငလျင်စခန်းများက မှတ်တမ်းတင်ထားကြသည်ဟု ဆိုပါသည်။

## ရှေးဦးငလျင်တိုင်းကိရိယာ

ငလျင်လှိုင်းတိုင်းတာသည့် ပညာရပ်မှာ Seismology ငလျင်ဗေဒဖြစ်ပြီး ငလျင်လှိုင်းတိုင်းတာမှတ်တမ်းတင်သည့် ကိရိယာကို Seismometer ဟုခေါ်သည်။ ကမ္ဘာ့ပထမဆုံး ငလျင်တိုင်းတာသည့်ကိရိယာကို တရုတ်ပြည်တွင် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀ နီးပါးက စတင်တီထွင်ခဲ့သည်။ ငလျင်လှိုင်းများ ပထမဆုံးဖြစ်ပေါ်သည့် အရပ်မျက်နှာကိုသိရှိရန် တီထွင်ခဲ့သည်။ အဆိုပါ တိုင်းတာရေးကိရိယာတီထွင်သူမှာ ကျန်းဟိန်(Zhang Heng)ခေါ် တရုတ်အတွေးအခေါ်ပညာရှင်တစ်ယောက်က တီထွင်ခဲ့သည်ဟုသိရပြီး ကီလိုမီတာ ၆၀၀ အဝေးရှိ ငလျင်တစ်ခုကို တိုင်းတာနိုင်သည်ဟု သိရသည်။

သိပ္ပံပညာရှင်တွေက ငလျင်ပြင်းအားတိုင်းတာရာမှာ ခေတ်မီအောင်ပြုပြင်ထားသည့် မာကော်လီစကေးနှင့် ရစ်ချ်တာစကေးဟူ၍ စကေး (၂)မျိုးသုံးကြသည်။ ၁၉၀၂ ခုနှစ်က အီတလီလူမျိုး ဘူမိဗေဒပညာရှင် ဂီစက်မာကော်လီ(Gillseppe Mercailis)က ငလျင်လှုပ်ချိန်တွင်း သတ်မှတ်ထားသည့် အဆောက်အအုံ အမျိုးမျိုးလှုပ်ခါမှုနှင့် ပျက်စီးမှုပမာဏကိုကြည့်ပြီး ပြင်းအားတိုင်းတာသောစနစ်ကို တီထွင်တိုးတက်စေခဲ့တယ်။ မြေငလျင်တစ်ခုဖျက်ဆီးနိုင်မှုက ငလျင်ဗဟိုချက်မှ အကွာအဝေး အပေါ်ယံမျက်နှာပြင်ရှိ ပစ္စည်းများရဲ့ သဘာဝ အဆောက်အအုံများ ပုံစံပေါ်မူတည်နေသည်ဟု ဆိုသည်။

၁၉၃၅ ခုနှစ်တွင် အမေရိကန် ငလျင်ပညာရှင် ချားလ်ရစ်ချ်တာ Charter Richter တီထွင်ခဲ့တဲ့ တိုင်းတာရေးစနစ်ကို ရစ်ချ်တာစကေးဟု ခေါ်သည်။ ငလျင်ပြင်းအားတိုင်းတာသည့် ငလျင်တိုင်းကိရိယာပေါ် ပြသသည့် လက်တံအမြင့်နှင့် တိုင်းတာသည်။ ယနေ့တွင် ရစ်ချ်တာစကေးအသုံးပြု၍ မြေငလျင်တိုင်းတာကြသည်။ ကမ္ဘာပေါ်တွင် ငလျင်များသည် နေရာမရွေးဖြစ်ပေါ်နိုင်သော်လည်း များသောအားဖြင့် ငလျင်ဇုန်နယ်မြေကြီး သုံးခုတွင် ပေါ်ပေါက်လေ့ရှိသည်။ အကြီးဆုံးဇုန်မှာ ပစိဖိတ်သမုဒ္ဒရာအနားသတ်(ငလျင်ခါးပတ်)ဖြစ်ပြီး ကမ္ဘာ့ငလျင်များ၏ ၈၁ ရာခိုင်နှုန်းဖြစ်ပေါ်စေသည်ဟု ဆိုပါသည်။ အဆိုပါ ငလျင်ခါးပတ်ကြီးသည် ချီလီနိုင်ငံမြောက်ဘက်မှ မြောက်မှ အောက်အမေရိက အနောက်ကမ်းရိုးတန်းတစ်လျှောက်၊ မက္ကစီကိုနှင့် အမေရိကန်ပြည်ထောင်စု အကန်စတာ တောင်ပိုင်း၊ ထိုမှ အာလူတီယံကျွန်းမှ နယူးဇီလန်ဖြစ်သည်။ ဒုတိယဇုန်မှာ ဂျာဗား၊ စူမားတြားမှ စ၍ ဟိမဝန္တာမြေထဲပင်လယ်မှ အတ္တလန်တိတ်သမုဒ္ဒရာအထိဖြစ်ပြီး တတိယဇုန်မှာ အတ္တလန်တိတ်အလယ်ပိုင်း ရေအောက်တောင်ရိုးတောင်စွယ်များအထိဖြစ်ကြောင်း သိရသည်။

## ငလျင်နှင့် လူမျိုးစု ရိုးရာ အယူအဆများ

ကမ္ဘာကြီးကို ပုဂံကျွဲ(ခေါ်)လူကြီးတစ်ယောက်က ထမ်းထားတယ်။ သူပခုံးညောင်းသဖြင့် ပခုံးပြောင်းခြင်းကြောင့် ငလျင်လှုပ်သည်ဟု ရှေးအယူအဆရှိခဲ့ပြီး ပုဂံ-ငကျွဲကြီးမားပုံမှာ သူ၏နားတောင်းတစ်ဖက်ကို ပုံစံတူတည်ထားသည့် ဘုရားက သဗ္ဗညုဘုရားအနီးတွင် ရှိသည်။

အိန္ဒိယဘက်မှ အယူအဆမှာ ကမ္ဘာကြီးသည် လိပ်ကြီးတစ်ကောင် ကျောကုံးပေါ်တွင် ရပ်နေသည့် ဆင်လေးကောင်က ထမ်းထားကြောင်း၊ လိပ်ကြီးသည် မြွေဟောက်တစ်ကောင်၏ ပါးပျဉ်းထိပ်ဝယ် ဟန်ချက်ယူထားရာ ထိုအထဲမှ တိရစ္ဆာန်တစ်ကောင်လှုပ်ရှားခြင်းဖြင့် ငလျင်လှုပ်သည်ဟု ဆိုသော ရှေးဟောင်းအယူအဆဖြစ်သည်။

အနောက်အာဖရိကမှ အယူအဆမှာ ကမ္ဘာမြေကြီးသည် ချပ်ပြားဝိုင်းကြီးတစ်ခုဖြစ်ပြီး အစွန်းတစ်ဖက်မှာ တောင်ကြီးတစ်ခုပေါ်တွင် ရှိနေသည်။ ထိုအစွန်းတစ်ဖက်ကို ဘီးလူးကြီးတစ်ကောင်ဆုတ်ကိုင်ထားရာ ဘီးလူးကြီး၏ ဇနီးသည်က ကောင်းကင်ကိုင်မြှောက်ထားကြောင်း၊ ဘီလူးကြီးက သူမကို ပွေ့ဖတ်ရန် ကြိုးစားချိန်တွင် ငလျင်လှုပ်သည်ဟု ဆိုလေသည်။

မိုဇမ်ဘစ်တို့ အယူအဆမှာ ကမ္ဘာကြီးသည် သက်ရှိသတ္တဝါကြီးဖြစ်ပြီး သူ့မှာလည်း လူအများကဲ့သို့ ပြဿနာတစ်ခု ရှိနေတတ်ပြီး နေမကောင်းဖြစ်သည့်အခါများ ရှိသည်။ အဖျားရောဂါဖြင့် ချမ်းတုန်ချိန်တွင် ကမ္ဘာကြီးလှုပ်ရှားခြင်းဖြင့် ငလျင်လှုပ်သည်ဆိုသော အယူအဆဖြစ်သည်။

အရှေ့အာဖရိကမှ ငလျင်လှုပ်ရှားမှု အယူအဆမှာ ငါးဘီလူးကြီးက သူ့ကျောကုန်းပေါ်တွင် ကျောက်တုံးတစ်တုံး တင်ပေးထားသည်။ နွားမတစ်ကောင်က ကျောကုန်းပေးရပ်နေပြီး ကမ္ဘာမြေကြီးကို ထိုနွားမကြီးက သူ၏ ဦးချိုတစ်ဖက်ဖြင့် ထိန်းထားစဉ် အညောင်းဖြေသည့်အခါ ငလျင်လှုပ်သည်ဟုဆိုပါသည်။

ကိုလံဘီယာတို့ အယူအဆမှာ ကမ္ဘာကြီးစတင်ဖြစ်ပေါ်စဉ်က သစ်သားတိုင်ကြီး သုံးချောင်းပေါ်တွင် ခိုင်မြဲစွာတင်ထားသည်။ သို့သော် နတ်ဘုရားချစ်ဘ်ချာကမ်က ဘိုဂိုတာကွင်းပြင်ကြီးသာ ရေအောက်ရောက်သွားလျှင် ပျော်စရာကောင်းမည်ဟုတွေးမိပြီး ကမ္ဘာမြေကြီးကို ရေလွှမ်းမိုးလိုက်သည်။ ထိုအခါ နတ်ဘုရင်ကြီးက ပြစ်ဒဏ်ပေးသည့်အနေဖြင့် သူ့အား ကမ္ဘာမြေကြီးကို ထမ်းထားစေရာ ဒေါသဖြစ်ပါက ကမ္ဘာကြီးလည်း လှုပ်ရှားသည်ဟု ရှေးဟောင်းအယူအဆများရှိသည်ဟု သိရသည်။

ကမ္ဘာဦးကာလကတည်းက လူမျိုးနွယ်စုများအလိုက် ရိုးရာယုံကြည်မှုများသည် ဒဏ္ဍာရီဆန်ဆန်ဖြစ်နေသည်ကို တွေ့ကြရသည်။ လူသားတို့ အသိဉာဏ်ပညာတိုးတက်လာပြီး သိပ္ပံပညာရပ်များထွန်းကားလာသည်နှင့် ကမ္ဘာမြေနှင့် ပတ်ဝန်းကျင်ဖြစ်စဉ်များကို သုတေသနပြုလေ့လာခဲ့ကြရာက ကမ္ဘာမြေလှုပ်ခြင်း(သို့မဟုတ်)ငလျင်လှုပ်ခြင်းအကြောင်း အရင်းမှန်ကို သိပ္ပံနည်းကျကျ ဖော်ပြနိုင်ပြီ ဖြစ်သည်။

**မည်သို့ဆိုစေ။ ။ မြေငလျင်လှုပ်ရှားမှုသည် ကမ္ဘာမြေပေါ်က လူသားများအတွက် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပြီး ကြိုတင်တိုင်းတာနိုင်ခြင်းမရှိသည့်အတွက် အလေးထား ဂရုစိုက်ကြရမည်။ ယခုနှစ် ၂၀၂၅ တွင် ငလျင်လှုပ်ရှားမှု အကြိမ်ရေစိပ်လာခြင်း၊ ယခင်နှစ်များထက် ပိုမိုလာခြင်း၊ ပြင်းအားမြင့်လာခြင်းတို့ကြောင့် ငလျင်ဘေးနှင့်ပတ်သက်၍ အစဉ်သတိရှိနေကြမည် ဖြစ်ပါတော့သည်။**

ခိုင်ဆက်ဝေ

# အမှတ်(၃၄)အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး ဩဂုတ် ၂၂**

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်၍ ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အသိပညာဗဟုသုတရရှိပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၉နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၃၄) အခြေခံပညာအထက်တန်းကျောင်းရှိ နန်းကေသီခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြား၍ လူငယ်များ အသိပညာ၊အတတ်ပညာနှင့်ပြည့်စုံပြီး ထူးချွန်ထက်မြက်သူလေးများ ဖြစ်ပေါ်လာစေရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန်နှင့်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စကားပြောစွမ်းရည်များ တိုးတက်လာစေရန်နှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်များ ကိန်းအောင်းလာစေရန်၊ လူငယ်စကားဝိုင်းများကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက Moderator အဖြစ် ဦးဆောင်ဆွေးနွေးခဲ့ပြီး Grade-11 နှင့် Grade-10 မှ ကျောင်းသူလေးများက လူငယ်နှင့် နည်းပညာ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် မူးယစ်ဆေးဝါးလူငယ်နှင့် အမျိုးသား၊ အမျိုးသမီးတန်းတူ အခွင့်အရေး စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြသည်။ ၎င်းနောက် စကားဝိုင်းသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီးနောက် ကျောင်းသား၊ ကျောင်းသူများသည် ခန်းမအတွင်း ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။ လူငယ်စကားဝိုင်းသို့ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အမှတ်(၃၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

**ချမ်းမြေ့(ချမ်း/စည်)**

# ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဇမ္ဗူသီရိ ဩဂုတ် ၂၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အသိပညာပေးဟောပြောပွဲတွင် ဇမ္ဗူသီရိမြို့နယ် ဥပဒေရုံးမှ မြို့နယ်ဥပဒေအရာရှိ ဒေါ်ဆုနှင်းဝေက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေအသိပညာပေး အကြောင်းအရာများ ဟောပြောပို့ချခဲ့ပြီး တက်ရောက်လာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

# နယ်လှည့်စာကြည့်တိုက်နှင့်ဟောပြောပွဲဆောင်ရွက်

**မြို့သစ် ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းနှင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က ပလတ်စတစ်အသုံးပြုမှုလျှော့ချရေးနှင့်ပလတ်စတစ်၏ ဆိုးကျိုးများ၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် ကလေးသူငယ်အခွင့်အရေးများအကြောင်းနှင့် အားလပ်ချိန်များတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာအုပ်စာစောင်များ ၄ားရမ်းဖတ်ရှုနိုင်ရေးနှင့် စာဖတ်ခြင်းဖြင့်ရရှိသော အကျိုးကျေးဇူးများအား အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေး စာအုပ်စာစောင်များ ပြသရာစိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

ပတ်စရာ၊ မှတ်စရာ
စုံလင်

## ကောင်းမှုမြတ်နိုး ကောင်းအောင်ကျိုး

* ဒါနအား ပွားပါစေ
ထားပါလေ မေတ္တာဟိတ်
သီလစိတ် ရင်မှာသွင်း
ချစ်ခြင်း ယှိဖိတ်

* ဘာဝနာ အရင်းတည်
အဆင်းကြည် မေတ္တာဆေး
ခနောင်ခါ ဘဝရေး
တွေးလို့ စိတ်အေး ။

* မုဒိတာ ထိုတရား
လက်ကိုင်ထား အသိဝင်
မှားမှန်စဉ် တွေးဆသိ
သတိနဲ့ယှဉ်
လုံ့လနဲ့ ပညာတွင်
ထာဝစဉ် တူယှဉ်တွဲ
ဘဝရဲ့ ပန်းတိုင်လမ်း
အေးချမ်းစွာနွဲ ။

* ကောင်းမှုကို မြတ်နိုးလို့
ကောင်းကျိုးဖြင့် ရပါစေ
ကိုယ်ကျင့်ရယ် ဖြူစင်မြင့်
ထူးတင့်နိုင်စေ
အများတွက် မေတ္တာဝေ
မာပါစေ ဆုခြွေတောင်း
စိတ်ကောင်းတွေ ကိုယ်စီမွေး
အေးချမ်းစေကြောင်း ။

**ဖြိုး(ခမ္ဘအလင်း)**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Young Yun Jung ပါဝင်သည့်ဇာတ်ကား ဆုပေါင်းများစွာ ဆွတ်ခူးထား

ကိုရီးယားဝါရင့်မင်းသမီးကြီး Young Yun Jung ပါဝင် သည့် ဘဝဒရာမာဇာတ်ကား The Bacchus Lady မှာ ဆုပေါင်းများစွာ ဆွတ်ခူးရရှိထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါဇာတ်ကားတွင် Young Yun Jung အဓိက ပါဝင်ထားကာ အသက်(၆၅)နှစ်အရွယ်နှင့် ဝမ်းရေးအတွက် လမ်းပေါ်တွင် လုပ်ကိုင်စားသောက်နေ၍ သက်ကြီးရွယ်အိုများကြားနာမည်ကြီးနေခဲ့သည်။

စားဝတ်နေရေးအတွက် တစ်ဦးတည်း ရုန်းကန်နေခဲ့ရသော်လည်း အိမ်ပိုင်ရှင် transgender ဖြစ်သည့် တီနာ၊ နှမ်းပါးသည့် ပန်းပုပညာရှင် ဒိုဟွန်း၊ ဆေးခန်းတွင် တွေ့ခဲ့သည့် ကိုရီးယား-ဖိလစ်ပိုင် ကပြားကလေး မင်ဟိုတို့နှင့်အတူ အေးချမ်းစွာနေထိုင်ရင်း မထင်မှတ်ထားသောပြဿနာ ဝင်ရောက်လာခဲ့ရာမှ အားလုံးစုစည်းအနိုင်ယူနိုင်ခဲ့ပုံကို တင်ပြထားသည်။ (SKY)



### တစ်ရက်လျှင် အနည်းဆုံး ၁၀မိနစ်ခန့် လမ်းလျှောက်ပေးရုံမျှဖြင့် အိပ်စက်ခြင်းအပေါ် အကျိုးပြုနိုင်မည်

နေ့စဉ်ပုံမှန်လေ့ကျင့်ခန်းလုပ်ခြင်းသည် အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သောနက်ရှိုင်းပြီး ကောင်းမွန်သည့်အိပ်စက်ခြင်းကို တိုးမြှင့်ပေးနိုင်ကြောင်း အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်၊ အော်စတင်တက္ကသိုလ်မှ သုတေသီများ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

ယခင်လေ့လာမှုများက လေ့ကျင့်ခန်းလုပ်သည့် ပမာဏစုစုပေါင်းကို အလေးပေးခဲ့သော်လည်း ဤသုတေသနသည် လူတစ်ဦးချင်းစီ မည်မျှ မကြာခဏလှုပ်ရှားနေသည်ကို အဓိကထားလေ့လာခဲ့သော်လည်း ယခုအကြိမ်တွင် လေ့ကျင့်ခန်းပြုလုပ်ခြင်းက အိပ်စက်ခြင်းအပေါ် အကျိုးသက်ရောက်ပုံကို အလေးပေးလေ့လာခဲ့ခြင်း ဖြစ်သည်။

လေ့လာမှု ပူးတွဲဦးဆောင်သူ မကြာသေးမီက ကျန်းမာရေးနှင့် ကျန်းမာရေးပညာရေးဆိုင်ရာ မဟာဘွဲ့ရရှိခဲ့သည့် ခရစ်ကော်ရားလ်က အဆိုပါသုတေသနသည် လေ့ကျင့်ခန်းနှင့် အိပ်မောကျခြင်းအကြား ချိတ်ဆက်ထားသည့် ယခင်လုပ်ဆောင်ချက်များကို တိုးချဲ့ထားကြောင်း ရှင်းလင်းပြောကြားသည်။

တစ်ရက်လျှင် အနည်းဆုံး ၁၀မိနစ်ခန့် လမ်းလျှောက်ပေးရုံမျှဖြင့် အိပ်စက်ခြင်းအပေါ် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ (SCI)

## The Royal We နှစ်နိုင်ငံကြား ချစ်ခြင်းပွဲ့ဇာတ်ကားဖြစ်

၂၀၂၅ ခုနှစ်တွင် ထွက်ရှိထားသည့်ဇာတ်ကား The Royal We မှာ နှစ်နိုင်ငံကြား ပဋိပက္ခကြားမှ ချစ်ခြင်းမေတ္တာဖွဲ့ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ကြောင်း ရိုတေးရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ရာစုနှစ်ချီ၍ တိုင်းပြည်နှစ်ခု၏ နှစ်နိုင်ငံကြား ဖြစ်ပေါ်နေသည့် တင်းမာမှုများနှင့် နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် အန်ဒရိုဗီယာ အိမ်ရှေ့မင်းသားနှင့် ဗော့စတီယာရီအိမ်ရှေ့မင်းသမီးတို့ ထိမ်းမြားလက်ထပ်၍ ပြဿနာကို ဖြေရှင်းရန် ရည်ရွယ်ထားကြသည်။

စေ့စပ်ထားသော အိမ်ရှေ့မင်းသမီးလေးက ရေပိုက်ပြင်သမားနှင့် ခိုးရာလိုက်ပြေးခဲ့သဖြင့် ညီမဖြစ်သူနှင့်လက်ဆက်ရန် ကြိုးစားခဲ့ရာမှ အိမ်ရှေ့စံမင်းသား၏ လွတ်လပ်သည့်ဘဝကို ပိုင်ဆိုင်လို၍ ရင်ဆိုင်ဖြတ်သန်းခဲ့ရပုံအကြောင်းကို ချစ်ခြင်းမေတ္တာဖွဲ့အဖြစ် ရိုက်ကူးတင်ဆက်ထားသည်။ (SKY)




## Jaden Smith ၏ Just Water သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထား

ဟောလိဝုဒ်အနုပညာရှင် ဝီလီစမစ်၏သား Jaden Smith ၏ Just Water ကုန်အမှတ်တံဆိပ်မှထုတ်သည့် ရေဘူးများ



သည် ကမ္ဘာမြေကြီး အထောက်အကူပြုမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတာဝန်ယူမှု စသည့် အချက်များနှင့် ရပ်တည်နေကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါကုမ္ပဏီသည် အမေရိကန်နိုင်ငံ၊ နယူးယောက်ပြည်နယ် Glens Falls နေရာမှ စိမ့်ထွက်လာသည့် သဘာဝစိမ့်စမ်းရေမှ ထုတ်ယူ၍ ထုတ်လုပ်ထားခြင်းဖြစ်သည်။

ရေသန့်ဘူးထုတ်လုပ်ရာတွင် သုံးသော စက္ကူဘူးမှာ ကမ္ဘာမြေကြီးအား အကျိုးပြုခြင်း၊ Eco System restoration များ ပြုလုပ်နိုင်ခြင်း၊ သုံးပြီး စက္ကူဘူးကို Recycle ပြန်လုပ်နိုင်ခြင်းကြောင့် လူငယ်များကြား ရေပန်းစားခဲ့ကာ Just Water ကို ၂၀၁၅ခုနှစ် အသက်(၁၂)နှစ်အရွယ် ပင်လယ်ထဲမှ ပလတ်စတစ်ပုလင်းများ တွေ့ခဲ့မှုကြောင့် စိတ်ကူးရခဲ့ပြီး အကြံသစ်နှင့်ထုတ်ခဲ့ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထားခြင်းဖြစ်သည်ဟု Jaden Smith က ပြောကြားခဲ့သည်။ (SKY)

## Black Pink ပရိသတ်များ ဝိုင်ဂျီကို တောင်းဆိုထား

ကိုရီးယားမီဒီယာများကပင် သတိပြုမိသည်ထိ ဝိုင်ဂျီအင်တာတိန်းမင့်ရှေ့တွင် Black Pink ပရိသတ်များက ကြေညာချက်များနှင့်အတူ ပြသထားသည့် Protest Truck များနှင့် တောင်းဆိုမှု ပြုလုပ်ခဲ့ကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



Black Pink ၏ အမာခံပရိသတ် Blink များက အေဂျင်စီရှေ့တွင် ကြော်ငြာချက်ကားများနှင့်အတူ သီချင်းအသစ်ထုတ်ပေးရန်၊ ဝိုင်ဂျီမှ တာဝန်ကျေပွန်ရန်၊ မတရားသောအပြုအမူမလုပ်ရန်၊ အကြောင်းပြချက်မလိုဘဲ ချက်ချင်းဆောင်ရွက်ပေးရန် တောင်းဆိုထားကြသည်။

Black Pink ၏ သီချင်းသစ်တွင် (၁၅)ပုဒ်မှ အပုဒ်(၂၀) ထိပါသည့် အယ်လ်ဘမ်သစ်နှင့် ကြော်ငြာလုပ်ငန်းများ စနစ်တကျလုပ်ပေးပြီး Black Pink Diary 2 ကိုလည်း ထပ်ထုတ်ပေးရန် စသည့် တောင်းဆိုမှုများကို ရှစ်နာရီကြာ တောင်းဆိုခဲ့ကြ၍ သတင်းမီဒီယာများကပင် သတင်းထူးအဖြစ် ဖော်ပြခဲ့ကြသည်။ (SKY)



## Bangtan Boys @ BTS (၁၂)နှစ်တာအထိ ပိုလ်စွဲထားသည့် အကြောင်းရင်းရှိ

Bangtan Boys ခေါ် BTS အဖွဲ့၊ အဖွဲ့ဝင် ခုနစ်ဦးနှင့် အောက်ခြေ သုညဘဝမှစ၍ တက်ခဲ့ရာမှ (၁၂)နှစ်တာအထိ ဗိုလ်စွဲထားနိုင်သည့်အကြောင်းအရင်းရှိကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကေပေါ့ပ်လောကတွင် ဘစ်ဟစ်(ယခု ဟောဘီ)နှင့် ၂၀၁၃ ခုနှစ်တွင် ပွဲဦးထွက်ခဲ့ပြီး ပရိမိုးရှင်းဆင်း၍ ရုန်းကန်ခဲ့ရကာ ရသစုံအစီအစဉ်များတွင် ပါဝင်၍ ခိုင်းသည့်အတိုင်း လုပ်ခဲ့ရာမှ ၂၀၁၅-၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၁ ခုနှစ်ထိ စန်းတက်လာခဲ့၍ ရသစုံရှိုးပေါင်းများစွာက ဖိတ်ခြင်းခံခဲ့ရသည်။

၂၀၂၂ ခုနှစ်တွင် နိုင်ငံစည်းကမ်းဥပဒေခံယူပြီး ၂၀၂၅ ခုနှစ်တွင် ပြန်ဆုံခဲ့ရာအဖွဲ့မှာ လက်ရှိထိပ်ဆုံးနေရာကို တည်ငြိမ်စွာရပ်တည်နေဆဲဖြစ်ကာ စစ်မှန်သည့် အနုပညာနှင့် စည်းလုံးမှု၊ ယုံကြည်မှုတို့နှင့် အဖွဲ့ဝင်များစာချုပ် ဆက်လက်ချုပ်ထားပြီး ဟောဘီကို ရွေးချယ်ထားသောကြောင့် ဖြစ်သည်။ (SKY)

## Liu Yu Ning အဆိုတော်၊ သရုပ်ဆောင်အဖြစ် ကျော်ကြား

တရုတ်အနုပညာလောကမှ အဆိုတော်၊ သရုပ်ဆောင်အဖြစ်ကျော်ကြားသောအနုပညာရှင်များတွင် Liu Yu Ning လည်း ပါဝင်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၁၉၉၀ ပြည့်နှစ် ဇန်နဝါရီ ၈ရက်ဖွားဖြစ်၍ Liu Yu Ning သည် အသက်(၃၅)နှစ်ရှိပြီး အမည်ရင်းနှင့်ပင် အနုပညာလုပ်ကိုင်၍ ကျော်ကြားမှုများ ပိုင်ဆိုင်ထားသည်။

ကျန်ရှန်ရီ၏အမည်ရင်းမှာ ကျန်ဝိန်ဟွမ်ဖြစ်ပြီး ၁၉၉၇ ခုနှစ် အောက်တိုဘာ ၉ ရက်ဖွားဖြစ်၍



အသက်(၂၇)နှစ် အဆိုတော်၊ သရုပ်ဆောင်ဖြစ်ကာ ဒင်းယူရှီ၏အမည်ရင်းမှာ ဒင်းကျောင်ဂျယ်ဖြစ်၍ ၁၉၉၅ ခုနှစ် ဇူလိုင် ၂၀ ဖွား အသက်(၂၉)နှစ်နှင့် ကျော်ကြားနေသည်။

ဒေါင်ဝိန်မှာ အမည်ရင်းနှင့်ပင် သရုပ်ဆောင်လောကတွင် ကျော်ကြားနေကာ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် ဖွားဖြစ်၍ အသက် ၃၀နှစ်ရှိပြီဖြစ်သည်။ (SKY)

# ဝါဆိုမှာ အလှထူးသည့် ကညာတစ်ဦး

**မန်းမြေမှ ပန်းသပြေ**

မြန်မာသက္ကရာဇ် ခုနှစ်ကိန်းဂဏန်းတို့သည် တဖြည်းဖြည်း တိုး၍တိုး၍လာကြသည်။ ယခင်နှစ်၏ တစ်နှစ်တာကုန်မြောက်၍ ယခုနှစ် ဝါဆိုလသို့ပင် ရောက်ခဲ့ပေပြီ။ ဝါဆိုလသည် မိုးတွင်းကာလ ဒုတိယမြောက်မိုးလမို့ သာယာ၍ အေးမြကြည်လင်နေသည်။ "ဝါဆိုတစ်ကြောင်း၊ မိကျောင်းဖွေးဖွေး မိုးအေးအေး" ဟု ဆိုကြသလို၊ မိုးရွာသွန်းမှု များပြားသဖြင့် လယ်ကွင်းလယ်ယာတွေမှာ ရေများပြည့်လျှံနေတတ်သည်။ ဝါဆိုလသည် ကရကဋ်ရာသီဖြစ်ပြီး ပုန်းညက်ပန်း၊ မုလေးပန်း၊ မိကျောင်းပန်းတို့ ပွင့်လန်းကြသဖြင့် "ရန့်ငယ်ဖြာ ညှာတံကင့်ဖူး၊ ပုန်းညက်ကယ် ခိုင်ပင်မင်း၊ သင်းပျံ့ပျံ့ ကြူး" ဟု စာဆိုရှင်ဦးမင်းတို့ ရေးဖွဲ့ရလောက်အောင် သာယာလှပေသည်။ ထို့သို့ ဥတုရာသီ၏ သဘာဝအေးမြသည့်အလှများကြောင့် ဗုဒ္ဓဘာသာဝင်များသည် အထွတ်အမြတ်ထားရာ ဘာသာရေး အထိမ်းအမှတ် ဝါဆိုနှင့်ပတ်သက်သော ပွဲတော်များကို ခမ်းနားစွာ ပြုလုပ်ကြသည်။ ရှေးလွန်လေပြီးသော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော် လောက်ဆီက တိတိပပ ဆိုရပါလျှင် မဟာသက္ကရာဇ် ၁၀၃ခုနှစ်၊ ဘီစီအားဖြင့် ၅၈၈၊ ဝါဆိုလပြည့်နေ့ ညနေ နေဝင်ဆည်းဆာ လမင်းစန္ဒာ အလင်းအားနည်း လူရိပ်မသဲကွဲသည့်အချိန်မှာ ကာလိတိုင်း ဗာရဏသီမြို့၏မြောက်ဘက် ၁၈ ယူဇနာ ကွာဝေးသော မိဂဒါဝုန်တောရဂုံအတွင်း "ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ" ဆိုသော ဗုဒ္ဓဘုရားရှင်၏ နူးညံ့ချိုသာသောအသံတော် လွှင့်ပေါ်၍လာခဲ့ဖူးသည်။ တရားဓမ္မရတနာ စတင်ပွင့်ထွန်းရာ၊ ဦးစွာ ဓမ္မစက် စတင်လှည့်ပတ်ရာနေ့ဟု ဆိုရပေမည်။ ကိုယ်တိုင်သိထားမြတ်တရားကို ဟောကြားညွှန်ပြ သစ္စာဓမ္မကြောင့် ပုထုဇဉ်အနွယ်ပျောက် အရိယာဘဝ ခရီးရောက်ခဲ့ကြသည့် အရှင်ကောဏ္ဍညကဲ့သို့သော သံဃာရတနာပေါ်ထွန်းလာသည်မှာလည်း ဝါဆိုလပြည့်နေ့ပင် ဖြစ်ပေသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့သည် ရတနာသုံးဖြာ စုံညီစွာပေါ်ထွန်းလာသောနေ့ဟုဆိုက မမှားနိုင်ပေ။ ဗုဒ္ဓလောင်းလျာ သန္ဓေယူသည်မှာလည်း ဝါဆိုလပြည့်နေ့၊ သိဒ္ဓတ္ထမင်းသားဘဝ နုနယ်ပျိုမြစ် ၂၉နှစ်အရွယ် နန်းစည်းစိမ်ကို စွန့်ခွာ၍ တောထွက်တော်မူသည့်နေ့သည်လည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။ ထို့ကြောင့်လည်း ဝါဆိုလပြည့်နေ့ကို "သန္ဓေတောထွက်၊ဓမ္မစက်၊ မိန့်မြွက်သော လဝါဆို" ဟု မှတ်သားကာပြောကြားကြသည်။ ထိုကဲ့သို့ ထူးကဲလှစွာ ဂုဏ်အင်္ဂါများနှင့် ပြည့်စုံနေသည့် ဝါဆိုလပြည့်ညတွင် ဓမ္မစကြာ တရားတော်သာမက ဟေမဝတသုတ္တန် တရားတော်ကိုလည်း ဟောကြားပါသေးသည်။ ထို့ပြင် ဗုဒ္ဓဟောပြတရားဓမ္မကြောင့်သာမဟုတ်ပါဘဲ၊ မြတ်ဗုဒ္ဓ၏ ကြည်ညိုဖွယ်ရာဂုဏ်တော်သတင်း ကြားနာရခြင်းကြောင့် ပုထုဇဉ်ဘဝမှ အရိယာဘဝ ရောက်ရှိသွားသူတစ်ဦး ရှိခဲ့ဖူးသည်။ ထိုသည်ပင် ဝါဆိုလပြည့်၏ ထူးခြားသည့် ဖြစ်အင်တစ်ခု ဖြစ်ပေသည်။

ရှေးယခင် ကဿပဘုရားရှင်လက်ထက် ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ကြသော အမျိုးကောင်းသားနှစ်ဦးသည် ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်နောက်၌ ရဟန်းဘောင်သို့ ဝင်ရောက်လာပြီး ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သည့် ဝိနည်းထိုရ် သံဃာတော်များ ဖြစ်လာကြသည်။ အခါတစ်ပါး၌ သီလပျက်ယွင်းသော (အဓမ္မဝါဒီ လဇ္ဇီ)ရဟန်းအား သိက္ခာပုဒ်နှင့်အညီ နေထိုင်ရန် ဆုံးမသော(ဓမ္မဝါဒီ အလဇ္ဇီ)ရဟန်းတို့ အချင်းပွားကြရာမှ ဝိနည်းမိုရ် သံဃာတော်များထံ အဆုံးအဖြတ်ယူကြရန်အထိ ဖြစ်လာခဲ့သည်။ ဝိနည်းမိုရ်ဆရာတော်များသည်တရားတော်အရ တိတိကျကျ မဆုံးဖြတ်ပါဘဲ ရေငုံနှုတ်ပိတ်နေကြသဖြင့် ရှေးဦးစွာ ချဉ်းကပ်လာသော အဓမ္မဝါဒီ လဇ္ဇီဘက်သို့ အဂတိလိုက်ရာ ရောက်သွားခဲ့သည်။ ပိဋကတ်သုံးပုံကို အာဂုံဆောင်ထားသော ရဟန်းတော်များပီပီ သူတို့၏အမှားကို သူတို့သိကြသဖြင့် တနုံ့နုံ့ခံစားတွေးတောရင်း ပျံလွန်တော်မူသွားကြသည့်အခါ အရှင်တစ်ပါးသည် ဟိမဝန္တာတောအရပ်ရှိ ဟေမဝတတောင်များကို စိုးပိုင်ရသော "ဟေမဝတ" နတ်ဘီလူး စစ်သူကြီး သွားဖြစ်သည်။ ကျန်တစ်ပါးမှာ မဇ္ဈိမဒေသတွင်ရှိ တောင်သုံးရာကို စိုးပိုင်ရသော "သာတာဂီရ" နတ်ဘီလူးစစ်သူကြီး သွားဖြစ်သည်။ နတ်သဘင် အစည်းအဝေးတစ်ခုတွင် သူတို့နှစ်ဦး ပြန်လည်တွေ့ဆုံကြသောအခါ ခင်မင်ရင်းစွဲရှိသည့်အလျောက် မိတ်ဆွေများဖြစ်သွားကာ မိမိတို့ပိုင်စိုးရာ အရပ်ဒေသတွင် ထူးကဲမှုများရှိခဲ့လျှင် တစ်ဦးကိုတစ်ဦး အကြောင်းကြားအသိပေးရန် ကတိကဝတ်ပြုလိုက်ကြသည်။ ဂေါတမဗုဒ္ဓ အလောင်းအလျာဖွားမြင်တော်မူသောအခါ၊ တောထွက်၍ ဗုဒ္ဓဘုရားအဖြစ် ရရှိတော်မူသောအခါတို့၌ ကမ္ဘာလောကကြီးတွင် ထူးကဲသည့် သာယာလှပမှုများ ဖြစ်ပေါ်ခဲ့သော်လည်း နတ်စည်းစိမ်ခံစားနေကြသဖြင့် သတိမထားမိလိုက်ကြပေ။ ဂေါတမဘုရားရှင် တရားဦးဓမ္မစကြာဟောတော်မူသောအခါမှသာ "သာတာဂီရ" နတ်ဘီလူး တရားနာပရိသတ်တွင် ပါဝင်ခဲ့ပေသည်။ "သာတာဂီရ" နတ်မင်းသည် သူ၏မိတ်ဆွေ ဟေမဝတနတ်မင်း တရားသဘင်အတွင်း ပါဝင်ခြင်းရှိ၊ မရှိ စိတ်မဖြောင့်စွာ ရှာဖွေနေခြင်းကြောင့် နတ်ဗြဟ္မာများ ကုဋေသိန်းပေါင်းများစွာ ကျွတ်တမ်းဝင်ကြသော်လည်း ထိုနတ်ဗြဟ္မာအထဲ သူမပါဝင်ခဲ့ပေ။ ဟေမဝတနတ်မင်း မလာရောက်ခြင်းကို သိသည့်အခါ ကတိကဝတ်ပျက်မည်စိုးသဖြင့် သတင်းစကားပြောကြားရန် မြတ်ဗုဒ္ဓ၏ တရားတော်ပြီးဆုံးသည်နှင့် နောက်လိုက်နောက်ပါခြံရံကာ ဟိမဝန္တာတောဘက် ရှေးရှုထွက်လာခဲ့သည်။ ဟေမဝတနတ်မင်းသည်လည်း ဟိမဝန္တာတွင် ထူးဆန်းစွာ အခါမဲ့ပန်းများပွင့်လန်းနေကြသဖြင့် မိတ်ဆွေသာတာဂီရနတ်မင်းအား အလည်ခေါ်ရန် မဇ္ဈိမဒေသသို့ ခရီးထွက်လာခဲ့သည်။

သူတို့နှစ်ဦးသည် ရာဇဂြိုဟ်မြို့၏ ကောင်းကင်တစ်နေရာ သူဌေးကြီးတစ်ဦး၏ အိမ်အထက်တွင် တွေ့ဆုံကြသည်။ သူတို့နှစ်ဦး တွေ့ဆုံသည့်အခါ သာတာဂီရနတ်ဘီလူးက ဤလောကတွင် ဗုဒ္ဓမြတ်ဘုရား ထင်ရှားပွင့်ပေါ်နေပြီး တရားဦးဓမ္မစက်ပင် ဟောမြွက်နေပြီဖြစ်သဖြင့် သဗ္ဗညု ဗုဒ္ဓဘုရားရှင်အား အတူသွားရောက်ဖူးမြော်ကြရန် ဖိတ်ခေါ်ပြောကြားပါသည်။

ထိုအခါ ဟေမဝတနတ်ဘီလူးသည် ကဿပဘုရားရှင်လက်ထက်က ဝိနည်းမိုရ်ရဟန်း ဖြစ်ခဲ့ဖူးသူပီပီ အဆွေတော်ပြောသော သဗ္ဗညုဘုရားရှင်သည် "သီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့်ပြည့်စုံပြီး သတ္တဝါအားလုံးအပေါ် ကျောသား၊ ရင်သားမခွဲခြားဘဲ ချစ်ခြင်း၊ မုန်းခြင်းမရှိ ပကတိတည်ကြည်သောစိတ်ဖြင့် ဆက်ဆံပါသလား။ ရာဂ၊ ဆန္ဒ၊ ဒေါသ၊ မောဟ၊ တဏှာ စသည့် ကိလေသာများ ကင်းပါရဲ့လား" စသည်ဖြင့် သူသိလိုသည့်ဘုရားရှင်၏ ဂုဏ်တော်များကို စိစစ်မေးမြန်းပါသည်။

သာတာဂီရနတ်ဘီလူးကလည်း ဗုဒ္ဓဘုရားရှင်သည် လောကီအာရုံကာမဂုဏ်တို့နှင့် မည်သို့ပင်တွေ့ကြုံစေကာမူ အဇ္ဈတ္တမာန်၊ ဗဟိရမာန် အတွင်းရန်၊ အပြင်ရန်ကို ပယ်သတ်ပြီးသည်မို့ တုန်လှုပ်ခြင်းအလျဉ်းမရှိ ပကတိတည်ကြည်သော သမာဓိတော်ရှိကြောင်း၊ ရန်သူမိတ်ဆွေမခွဲခြားဘဲ ချစ်ခြင်း၊ မုန်းခြင်း အလျဉ်းကင်းစွာ သည်းခံခွင့်လွှတ်၍ ဆက်ဆံကြောင်း၊ သူတစ်ပါးအသက်သတ်ခြင်း၊ သူတစ်ပါးဥစ္စာခိုးယူခြင်း၊ သူတစ်ပါးအိမ်ရာ ပြစ်မှားခြင်း၊ ကာယကံ မကောင်းမှုမပြုသည့်အပြင် ဝစီဒုစရိုက်လည်း ကင်းသည်ဖြစ်၍ "သန့်ရှင်းသာယာ၊ သိသာနာဖွယ်၊ မပြယ်လုံးခဲ၊ နက်နဲ စေ့စပ်၊ ပဲ့တင်ထပ်" ဆိုသော အသံတော်ရှစ်ပါးနှင့်လည်း ပြည့်စုံကြောင်း အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဆိုသော မနောဒုစရိုက်တို့လည်း မကပ်ငြိကြောင်း အကျယ်တဝင့် ဖြေကြားပါသည်။ ထို့နောက် ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ ဝိပဿနာဉာဏ်များအပြင် အကျင့်စရဏတစ်ဆယ့်ငါးပါးနှင့်လည်း ပြည့်စုံတော်မူကြောင်း စသည်အားဖြင့် သာတာဂီရနတ်ဘီလူး၏ အဖြေစကားကြားသိရ၍ ဗုဒ္ဓစင်စစ် ဧကန်ဖြစ်သည်ဟုဆုံးဖြတ်ကာ ဗုဒ္ဓဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်အနန္တကို ချီးမွမ်းပြောဆိုဆွေးနွေးကြပြီး မြတ်ဗုဒ္ဓရှိရာမိဂဒါသို့ နောက်လိုက်နောက်ပါ အခြွေအရံများစွာနှင့်အတူ ဘုရားအားဖူးမြော်ကြရန် သွားကြပါတော့သည်။

ထိုအချိန်တွင် ရာဇဂြိုဟ်မြို့၌ ဝါဆိုလပြည့်ည၏ တောင်ထိပ်နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပနေပါသည်။ တောင်ထိပ်နက္ခတ်ပွဲဆို

> **သာတာဂီရနတ်ဘီလူးကလည်း ဗုဒ္ဓဘုရားရှင်သည် လောကီအာရုံကာမဂုဏ်တို့နှင့် မည်သို့ပင် တွေ့ကြုံစေကာမူ အဇ္ဈတ္တမာန်၊ ဗဟိရမာန် အတွင်းရန်၊ အပြင်ရန်ကို ပယ်သတ်ပြီးသည်မို့ တုန်လှုပ်ခြင်း အလျဉ်းမရှိ ပကတိတည်ကြည်သော သမာဓိတော်ရှိကြောင်း၊ ရန်သူမိတ်ဆွေမခွဲခြားဘဲ ချစ်ခြင်း၊ မုန်းခြင်း အလျဉ်းကင်းစွာ သည်းခံခွင့်လွှတ်၍ ဆက်ဆံကြောင်း၊ သူတစ်ပါးအသက်သတ်ခြင်း၊ သူတစ်ပါးဥစ္စာခိုးယူခြင်း၊ သူတစ်ပါးအိမ်ရာ ပြစ်မှားခြင်း၊ ကာယကံ မကောင်းမှုမပြုသည့်အပြင် ဝစီဒုစရိုက်လည်း ကင်းသည်ဖြစ်၍ "သန့်ရှင်းသာယာ၊ သိသာနာဖွယ်၊ မပြယ်လုံးခဲ၊ နက်နဲ စေ့စပ်၊ ပဲ့တင်ထပ်" ဆိုသော အသံတော်ရှစ်ပါးနှင့်လည်း ပြည့်စုံကြောင်း အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဆိုသော မနောဒုစရိုက်တို့လည်း မကပ်ငြိကြောင်း အကျယ်တဝင့် ဖြေကြားပါသည် .....**

သည်မှာ ထိုခေတ်ထိုအခါ ဗုဒ္ဓဘုရားမပွင့်ပေါ်မီကာလကတည်းက လူအများ အားကိုး၊ ယုံကြည်၊ ကိုးကွယ်ခဲ့ကြသော ကြယ်၊ တာရာ၊ နက္ခတ်၊ တော၊ တောင်၊ ရေ၊ မြေ၊ သစ်ပင် စသည်တို့ကို အမွှေးနံ့သာ၊ဖယောင်း၊ ဆီမီး၊ စားစရာ၊ သောက်စရာ စသည်တို့ဖြင့် ပူဇော်တင်မြှောက်ကြခြင်းဖြစ်သည်။ ထိုနေ့ညခင်း၏ စည်ကားစွာ လူအများ သွားလာလှုပ်ရှားနေကြသည့် ပျော်စရာအသွင် ပွဲသဘင်ကို ရှုကြည့်ချင်သည့် သူဌေးကြီး၏သမီး "ကာဠီ" ဆိုသော ကိုယ်ဝန်ဆောင် အမျိုးသမီးငယ်သည် မိဘများ၏တားမြစ်မှုကြောင့် သွားလာလှုပ်ရှား ပျော်ပါးခွင့်မရခဲ့ပေ။ ဖခင်၏ အိမ်ဂေဟာအတွင်းရှိ ပြာသာဒ်ဘုံဆောင်အပေါ်မှသာ ကြည့်ရှုခွင့်ရခဲ့သည်။ ထိုသို့သော အချိန်မျိုးတွင် နတ်ဘီလူးနှစ်ဦး၏ အပြန်အလှန်ပြောဆိုနေကြသည့်စကား ဘုရားဂုဏ်တော်များကို ကြားနာသိရှိရသဖြင့် မြတ်ဗုဒ္ဓအပေါ် လွန်စွာကြည်ညိုသောစိတ်များဖြစ်ပေါ်ကာ မြတ်ဘုရား၏ထူးကဲလှစွာ ဂုဏ်တော်အနန္တများကို အောက်မေ့ဆင်ခြင်ရင်း သောတာပန်အရိယာဘဝ ရောက်ရှိသွားခဲ့သည်။ ထိုအဖြစ်သည် ဝါဆိုလပြည့်နေ့၏ ထူးကဲမွန်မြတ်မှု တစ်ရပ်ပင်ဖြစ်ပေသည်။

အချုပ်ဆိုရသော် ဝါဆိုလပြည့်နေ့သည် "သန္ဓေတောထွက်၊ ဓမ္မစက်" ဆိုသော ရက်ကောင်းရက်မြတ်များနှင့် တိုက်ဆိုင်သည့်အပြင်၊ ရတနာသုံးဖြာ စုံညီလာသောနေ့ထူးနေ့မြတ်ဖြစ်ခြင်း။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအများ စတင်ကျွတ်တမ်းဝင်သည့်နေ့ဖြစ်ခြင်း။ ဟေမဝတနတ်ဘီလူး၏ မရှင်းလင်းသည့်ပြဿနာ မေးခွန်းဆယ်ခုကိုအကြောင်းပြု၍ ဟေမဝတသုတ္တန် ဟောကြားတော်မူသောနေ့ဖြစ်ခြင်း။ ထို့ပြင် မြတ်ဗုဒ္ဓ၏ဂုဏ်တော်များကို အောက်မေ့ဆင်ခြင်၍ ဗုဒ္ဓါနုဿတိ ပွားများခြင်းကြောင့် "ကာဠီ" ဆိုသော အမျိုးကောင်းသမီးသည် အမျိုးသမီးများထဲတွင် ပထမဦးစွာ သောတာပန်ဆိုသော ဘဝအဆင့်အတန်း မြင့်မားရခြင်း။ ထို့သို့ အမျိုးသမီးများသည် အထက်တန်းရောက်ကာ ဘဝအဆင့်အတန်း မြင့်မားကြသည်မှာ ယခုမှမဟုတ်၊ ဘုရားရှင်လက်ထက်ကပင်ရှိခဲ့ခြင်း။ ထို့ကြောင့် ဝါဆိုလပြည့်နေ့၏ ထူးကဲမွန်မြတ်လှသည့် ဗုဒ္ဓ၏ ဖြစ်စဉ်များကို ရေးသားပူဇော်ခြင်းဖြင့်လည်းကောင်း၊ ထိုနေ့ထူးနေ့မြတ် ဝါဆိုတွင် ဗုဒ္ဓ၏ဂုဏ်တော်များကို ချီးကျူးပူဇော်ရင်း၊ ဝါဆိုမှာ အလှထူးသည့် ကညာတစ်ဦးဖြစ်သွားရသည့် အမျိုးကောင်းသမီး အကြောင်းကို ဖော်ပြဖွင့်ပြလိုက်ရပါသည်။

❖ အမျိုးသားနိုင်ငံရေးဆိုတာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး ၃ ပါးအပေါ်မှာ အခြေခံပြီး နိုင်ငံတော်နှင့် ပြည်သူလူထုရဲ့ အကျိုးစီးပွားကိုသာ အစဉ်ရှေးရှုဖော်ဆောင်ဖို့ ရည်ရွယ်တဲ့ ထာဝရတည်မြဲသော နိုင်ငံရေးပဲဖြစ်တယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော နှစ် (၈၀) ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ရွှေပြည်သာမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့တွင် ရခိုင်ပြည်နယ်နှင့် မလေးရှားရေပိုင်နက်သို့ ပို့ဆောင်မည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၂၅၇ ဒသမ ၁၀၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၅၆၁၄ ဒသမ ၂ ကီလို၊ ကက်တမင်း ၁၈၉၉ ကီလိုတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၂

ရွှေပြည်သာမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့တွင် ရခိုင်ပြည်နယ်နှင့် မလေးရှားရေပိုင်နက်သို့ပို့ဆောင်မည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၂၅၇ ဒသမ ၁၀၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၅၆၁၄ ဒသမ ၂ ကီလို၊ ကက်တမင်း ၁၈၉၉ ကီလိုတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၅ ရက် နံနက် ၆ နာရီခွဲတွင် သတင်းအရ ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမကြီးနှင့် ငါးကန်လမ်းထောင့်တွင် အောင်လင်းမောင်းနှင်လာသည့် CANTER BOX ယာဉ်နှင့် သောင်းထွန်း မောင်းနှင်လာသည့် SUBARU STELLA ယာဉ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ ၎င်းတို့သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀ အား ဖမ်းဆီးရမိခဲ့ပြီး အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများကို တာဝန်ခံသယ်ဆောင်ခိုင်းသူ ထွန်းသိန်းအား ယင်းနေ့ည ၇ နာရီခွဲတွင် ရွှေပြည်သာမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ ဂိုဒေါင်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၈ သိန်း၊ TOYOTA RUSH ယာဉ်တစ်စီးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈ သိန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၂၁ ဒသမ ၈ ဘီလီယံ) အား ဖမ်းဆီးရမိခဲ့ကြောင်း၊ ထို့နောက် ည ၉ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် မောင်သိန်းချေနှင့် ကျော်စွာဝင်း(မှော်ဘီ) တို့အား မှော်ဘီမြို့နယ် နှောကုန်းကျေးရွာရှိ

စာမျက်နှာ ၁၀ သို့ ◆



တရားခံ ထွန်းသိန်း၊ သောင်းထွန်းနှင့် အောင်လင်း တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈ သိန်းနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့လက်ရွေးစင် ယူ-၁၆ အမျိုးသမီးအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဩဂုတ် ၂၂**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၅ အာဆီယံ အမျိုးသမီး ယူ-၁၆ ပြိုင်ပွဲ အုပ်စု(ခ) အဖွင့်ပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင် ယူ-၁၆ အမျိုးသမီးအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ဩဂုတ် ၂၃ ရက် (ယနေ့)တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

၂၀၂၅ အာဆီယံ အမျိုးသမီး ယူ-၁၆ ပြိုင်ပွဲကို ဩဂုတ် ၂၀ မှ ၂၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဆူရာကာတာမြို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီး ယူ-၁၆ အသင်းသည် အုပ်စု(ခ)တွင် ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုသုံးခုခွဲထားပြီး အုပ်စုပထမသုံးသင်းနှင့် အကောင်းဆုံး အုပ်စုဒုတိယတစ်သင်းတို့ ဆီမီးဖိုင်နယ်သို့ တက်ရောက်မည်ဖြစ်သည်။



မြန်မာ့လက်ရွေးစင် ယူ-၁၆ အမျိုးသမီးအသင်းသည် ၂၀၂၅ အာဆီယံ အမျိုးသမီး ယူ-၁၆ ပြိုင်ပွဲ အုပ်စု(ခ)အဖွင့်ပွဲစဉ် အဖြစ် ဩဂုတ် ၂၃ ရက် (ယနေ့) မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**နိုင်ကမ္ဘာ**

o-o-o-o-o

## ရတနာပုံအသင်းက မဟာယူနိုက်တက်အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် ဩဂုတ် ၂၂**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂)အဖြစ် ယနေ့ ညနေပိုင်းက ရတနာပုံအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရတနာပုံအသင်းက မဟာယူနိုက်တက်အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရတနာပုံ အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၁၀မိနစ်နှင့် ၄၄မိနစ်တွင် ပြည်မိုး၊ ပွဲချိန် (၉၀+၅)မိနစ်တွင် ကောင်းမြတ်ကျော်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

ရတနာပုံအသင်းက မဟာယူနိုက်တက်အသင်းအား အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးခဲ့သည့် ပြည်မိုး(ကျောနံပါတ် ၉၀)က ဆွတ်ခူးရရှိခဲ့သည်။

ရတနာပုံ အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂) ပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်နိုင်ခဲ့သည်။

**(NGB)**

